
mgyoe.com

SAMPLE BOOK



# ကော်ဖီဆိုင်ထဲမယ်

မျိုးဇော်ဝင်း မြန်မာပြန်

## Tales From The Cafe

Toshikazu Kawaguchi

Best Selling author of

Before The Coffee Gets Cold

ကော်ဖီတွေ အေးမသွားခင် -၂



mgyoe.com

mgyoe.com SAMPLE BOOK

'ဖူနိကူလိ ဖူနိကူလာ' ဆိုတဲ့ ကော်ဖီဆိုင်ကလေးက ဧည့်သည်တွေကို အတိတ်နဲ့ အနာဂတ်ဆီ အချိန်ခရီးသွားနိုင်တဲ့ အတွေ့အကြုံကို ပေးထားပါတယ်။

ဒါပေမဲ့ အတိတ်ကိုပဲ သွားသွား၊ အနာဂတ်ကိုပဲ သွားသွား ဖြစ်ပျက်ပြီးတဲ့ အရာတွေ နောင်ဖြစ်လာမယ့် အရာတွေကို ပြင်ဆင်ပြောင်းလဲလို့တော့ မရပါဘူး။

အချိန်ခရီးသွားလိုသူတွေက သတ်မှတ်ထားတဲ့ စည်းမျဉ်းတွေကို လိုက်နာရပါမယ်။

အရေးအကြီးဆုံး အချက်ကတော့ ကော်ဖီတွေ အေးမသွားခင် ပြန်လာဖို့ပါပဲ။

သင်ကော အတိတ် ဒါမှမဟုတ် အနာဂတ်ကို သွားခွင့်ရမယ်ဆိုရင် ဘယ်သူနဲ့ တွေ့ချင်ပါသလဲ။



illustrated by mar na

ISBN 978-99986-52-23-1
K0511
9 789998 652231 >

mgyoe.com

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - မတ်လ၊ ၂၀၂၄ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀


မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဦးမြင့်ခိုင်၊ ထွန်းသစ္စာပုံနှိပ်တိုက် (၀၀၁၃၈)
အမှတ် ၁၉-စီ၊ ၅၅ လမ်း (အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးသရုပ်ဖော် - မာဏ

တန်ဖိုး - ၆၀၀၀ ကျပ်


mgyoe.com

mgyoe.com SAMPLE BOOK





# ကော်ဖီဆိုင်ထဲဝယ်

မျိုးဇော်ဝင်း (မြန်မာပြန်)

mgyoe.com

mgyoe.com
SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK



တိုရှိကာဇူ ကာဝဂူချိကို ၁၉၇၁ ခုနှစ်တွင် ဂျပန်နိုင်ငံ၊ အိုဆာကာမြို့၌ မွေးဖွားခဲ့သည်။ ရုပ်ရှင်ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ စာရေးဆရာ ဖြစ်သည်။ သူ ရေးခဲ့သည့် ပြဇာတ်များအနက် Couple , Sunset နှင့် Family Time တို့မှာ ထင်ရှားသည်။ Before The Coffee Gets Cold ဝတ္ထုမှာ ဂျပန်နိုင်ငံတွင် ရောင်းအား အကောင်းဆုံး စာအုပ်စာရင်း ဝင်ခဲ့သလို အင်္ဂလိပ် ဘာသာပြန်သည်လည်း နိုင်ငံတကာ၌ အုပ်ရေ သန်းနှင့်ချီ ရောင်းကုန်ထားပြီး ဖြစ်သည်။ ဤဝတ္ထုကို ၂၀၁၈ ခုနှစ်က Café Funiculi Funicula အမည်ဖြင့် ရုပ်ရှင် ရိုက်ကူးခဲ့ရာတွင်လည်း အောင်မြင်ခဲ့ပြီး ၁၀ ကြိမ်မြောက် ကျင်းပသည့် Suginami Drama Festival ၌ ဆုရရှိခဲ့သည်။

+

mgyoe.com

mgyoe.com SAMPLE BOOK



၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ဦးဇော်ဝင်း၊ ဒေါ်ဌေးဌေးမြင့်တို့မှ မွေးဖွားခဲ့သည်။ မွေးချင်း နှစ်ဦးအနက် အငယ်ဆုံး ဖြစ်သည်။ ရန်ကုန်မြို့ အမက (၂) ပန်းဘဲတန်း၊ အထက (၁) လသာ၊ အထက (၁) ဒဂုံတို့တွင် အတန်းပညာ သင်ကြားခဲ့သည်။ တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူး လေးဘာသာဖြင့် အောင်မြင်ခဲ့သည်။ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်တွင် Mechanical Engineering ဘာသာရပ်ကို ဆည်းပူးခဲ့သည်။ တတိယနှစ် အရောက်တွင် စိတ်မပါတော့သဖြင့် ကျောင်းထွက်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် မလေးရှားနိုင်ငံသို့ ပြောင်းရွှေ့ကာ ငါးနှစ်ကျော် နေထိုင်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံသို့ အခြေချခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် မဇေပရယ်မျိုးဆွေနှင့် အိမ်ထောင်ကျခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် စာပေလောကထဲ စတင် ဝင်ရောက်ခဲ့သည်။ A Game Of Thrones (ပလ္လင်ထက်မှ ကစားပွဲ)၊ A Clash Of Kings (ဘုရင်ငါးပါးနှင့် ပဋိပက္ခများ)၊ The Ice Dragon (ရေခဲနဂါး)၊ The Hedge Knight (လမ်းတောလေသူရဲကောင်း)၊ The Sworn Sword (သစ္စာရှင်သူရဲကောင်း)၊ If Cats Disappeared From The World (ကြောင်တွေမရှိတဲ့ ကမ္ဘာ)၊ The Travelling Cat Chronicles (ကြောင်တောလေရဲ့ ခရီးသွားမှတ်တမ်း)၊ Hachiko Waits (မျှော်ရှာသူ)၊ Before The Coffee Gets Cold (ကော်ဖီတွေ အေးမသွားခင်) စသည့် စာအုပ်များကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားခဲ့သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

## မိတ်ဆက်

တိုကျိုမြို့ရဲ့ လမ်းကြိုလမ်းကြား တစ်နေရာက မြေအောက် ကော်ဖီဆိုင်ကလေးဟာ ဧည့်သည်တွေကို အချိန်ခရီးသွားနိုင်တဲ့ အတွေ့အကြုံကို ပေးပါတယ်။ ဧည့်သည်တွေက အတိတ် ဒါမှမဟုတ် အနာဂတ်ကို သွားပြီး ကိုယ် တွေ့ချင်တဲ့ လူနဲ့ တွေ့လို့ ရတယ်။ ဒါပေမဲ့ သတ်မှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းတွေကိုတော့ လိုက်နာရပါမယ်။ လူအများစုက အဲဒီ စည်းမျဉ်း စည်းကမ်းတွေကို ကြားပြီးတဲ့နောက် လက်လျှော့လိုက်ကြပေမယ့် အမှားတွေကို ပြင်ဆင်လိုတဲ့ လူတချို့ကတော့ အတိတ်ကို ပြန်သွားပြီး သူတို့ရဲ့ အမှားတွေကို ပြင်ဆင်ကြပါတယ်။ အတိတ်ကို ပြန်ရောက်သွားတဲ့အခါ ဘာပဲလုပ်လုပ် ပစ္စုပ္ပန်ကို ပြုပြင်ပြောင်းလဲလို့ မရဘူး ဆိုတာတောင် သူတို့ ဘာကြောင့် အတိတ်ကို ပြန်သွားကြတာလဲ။ ဘာကြောင့်ပဲ သွားသွား ကော်ဖီတွေ အေးမသွားခင် ပြန်လာခဲ့ဖို့တော့ လိုပါလိမ့်မယ်။

ဒီစာအုပ်က Before The Coffee Gets Cold (ကော်ဖီတွေ အေးမသွားခင်) စီးရီးရဲ့ ဒုတိယမြောက်စာအုပ် ဖြစ်ပါတယ်။ လက်ရှိ လေးအုပ်အထိ ထွက်ရှိထားပါတယ်။

လမ်းခွဲထားတဲ့ ချစ်သူနဲ့ တွေ့ဖို့ အတိတ်ကို ပြန်သွားခဲ့တဲ့ အမျိုးသမီးတစ်ယောက် အကြောင်း၊ ကွယ်လွန်သွားတဲ့ ညီမနဲ့ တွေ့ဖို့ အတိတ်ကို ပြန်သွားခဲ့တဲ့ အစ်မတစ်ယောက် အကြောင်း၊ မှတ်ဉာဏ်တွေ ပျောက်ဆုံးနေတဲ့ ခင်ပွန်းသည်ကို ကျန်းမာရေး မချို့တဲ့ခင် အနေအထားနဲ့ တွေ့ချင်လို့ အတိတ်ကို ပြန်သွား

mgyoe.com

mgyoe.com SAMPLE BOOK

ခဲ့တဲ့ ဇနီးတစ်ယောက် အကြောင်း၊ မကြာခင် သေရတော့မယ့် မိခင်ဖြစ်သူက သူ မွေးလာမယ့် ကလေးကို မြင်တွေ့ချင်လို့ အနာဂတ်ကို သွားခဲ့တဲ့ အကြောင်းတွေကို (ကော်ဖီတွေ အေးမသွားခင်) ပထမတွဲမှာ ဖော်ပြခဲ့ပါတယ်။

ဒီ ဒုတိယစာအုပ် (ကော်ဖီဆိုင်ထဲဝယ်) မှာတော့ အခင်ဆုံးသူငယ်ချင်းနဲ့ တွေ့ဖို့ အတိတ်ကို ပြန်သွားခဲ့တဲ့ လူတစ်ယောက် အကြောင်း၊ ကွယ်လွန်သွားတဲ့ မိခင်နဲ့တွေ့ဖို့ အတိတ်ကို ပြန်သွားခဲ့တဲ့ သားတစ်ယောက် အကြောင်း၊ မကြာခင် သေရတော့မယ့် လူတစ်ယောက်က အနာဂတ်ကို သွားပြီး သူ့ချစ်သူကို တွေ့တဲ့ အကြောင်း၊ ဇနီးသည်ကို လက်ဆောင်ပေးချင်လို့ အတိတ်ကို ပြန်သွားခဲ့တဲ့ အဘိုးကြီးတစ်ယောက် အကြောင်းတွေကို ရေးသားထားပါတယ်။

ဒီစာအုပ်မှာ ကော်ဖီဆိုင်ပိုင်ရှင် မိသားစု အကြောင်းတွေကို ပိုသိလာရမယ်။ ပထမတွဲက ဇာတ်ကောင်အချို့လည်း ပြန်ပါလာကြမှာမို့ ဒီစာအုပ်ကို မဖတ်ခင် ပထမတွဲ (ကော်ဖီတွေ အေးမသွားခင်) ကို ဦးစွာ ဖတ်ရှုဖို့ အကြံပြုလိုပါတယ်။

+

mgyoe.com

mgyoe.com SAMPLE BOOK

- အခင်ဆုံး သူငယ်ချင်း
- အမေ နှင့် သား
- ချစ်သူနှစ်ယောက်
- ဇနီးမောင်နှံ

mgyoe.com

mgyoe.com SAMPLE BOOK

## အခင်ဆုံး သူငယ်ချင်း

‘ဂိုတာရို ချီဘ’ သည် သူ၏ သမီးကို ၂၂ နှစ်တိုင်အောင် လိမ်လည်ထားခဲ့သည်။

‘ဘဝမှာ အခက်ခဲဆုံးအရာ နှစ်ခုက ရှင်သန်ဖို့နဲ့ မုသားမပြောဖို့ပဲ’ ဟု စာရေးဆရာ ဒေါ်စတိုယက်စကီးက တစ်ခါတုန်းက ပြောခဲ့ဖူးသည်။

လူများသည် အကြောင်းပြချက် မျိုးစုံဖြင့် မုသားစကား ဆိုကြသည်။ အချို့က မိမိအား စိတ်ဝင်စားလာစေရန်၊ သို့မဟုတ် အလေးပေးရန်၊ အချို့က သူတစ်ပါးကို သစ္စာဖောက်ရန် ပြောဆိုကြ၏။ မုသားများက နာကျင်ဖွယ် ကောင်းသည့်တိုင် တစ်ခါတစ်ရံ သင့်ကိုယ်သင် ကယ်တင်နိုင်သည်။ မုသားစကား များကို အဘယ်ကြောင့်ဆိုကာမူ များသောအားဖြင့် နောင်တတရားဆီ ခေါ်ဆောင် သွားတတ်သည်။ ဂိုတာရို၏ ပြဿနာမှာလည်း ထိုကဲ့သို့ ဖြစ်သည်။ သူ ပြောခဲ့ သည့် မုသားက ယခုအခါ သူ့ကို အကြီးအကျယ် စိတ်ဒုက္ခ ပေးနေ၏။

*‘ငါ ဘယ်တုန်းကမှ မလိမ်ချင်ခဲ့ဘူး’*

ဂိုတာရိုသည် အချိန်ခရီး သွားနိုင်သည်ဟု ကျော်ကြားသော ကော်ဖီ ဆိုင် အရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ထိုစာသားကို စိတ်ထဲတွင် အကြိမ်ကြိမ် ရေရွတ်နေမိသည်။

ကော်ဖီဆိုင်သည် တိုကျိုမြို့၏ အလယ်ပိုင်းရှိ ‘ဂျင်မ်ဘိုချို’ ဘူတာရုံနှင့် ငါးမိနစ် လမ်းလျှောက်သွားရသော အကွာအဝေးတွင် တည်ရှိသည်။ ထိုဧရိယာ

mgyoe.com

m g y o e . c o m

SAMPLE BOOK


တွင် ရုံးအဆောက်အအုံ အများအပြား ရှိ၏။ 'ဖူနီကူလီ ဖူနီကူလာ ကဖေး' ဟူသည့် ဆိုင်းဘုတ်အသေးလေး ချိတ်ဆွဲထားသည်။ ဆိုင်က မြေအောက်ထပ်တွင် ဖြစ်ရာ ဆိုင်းဘုတ်သာ မရှိရင် မည်သူမျှ သတိထားမိမည် မဟုတ်ပေ။

ဂိုတာရိုသည် လှေကားမှ ဆင်းလိုက်သော် ပန်းပုလက်ရာများ ထွင်းထုထားသည့် တံခါးတစ်ချပ်ကို တွေ့သည်။ သူက ခေါင်းခါလိုက်ပြီး လှေကားထစ်များကို ပြန်တက်သည်။ ထို့နောက် သူ့ခေါင်းထဲ အတွေးတစ်စုံတစ်ရာ ပေါ်လာသဖြင့် ခြေလှမ်းများကို ရပ်တန့်လိုက်သည်။ တစ်ဖန် ခေါက်တုံ့ခေါက်ပြန် လျှောက်ကာ လှေကားထစ်များကို ဆင်းချည်၊ တက်ချည် လုပ်ပြန်သည်။

"ဘာဖြစ်လို့ အထဲ ဝင်ထိုင်ပြီး အေးအေးဆေးဆေး မစဉ်းစားတာလဲ ရှင့်"

အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာသည်။

ဂိုတာရို လှည့်ကြည့်လိုက်သော် လှေကားထိပ်တွင် ကိုယ်လုံးကိုယ်ပေါက် သေးသွယ် ကျစ်လျစ်လှပသည့် အမျိုးသမီးတစ်ဦး ရပ်နေသည်ကို တွေ့ရသည်။ အနက်ရောင် ဝတ်စကုတ်အပေါ်တွင် ရှေ့ဖုံးခါးစည်း ထပ်ဝတ်ထားရာ ကော်ဖီဆိုင်၏ စားပွဲထိုး ဖြစ်ကြောင်း ဂိုတာရို အတပ်ပြောနိုင်၏။

"ဟင် ... ဟုတ် ... ဟုတ်ကဲ့ပါ"

ဂိုတာရိုက ထစ်ငေါ့စွာ ပြန်ပြောသည်။

ထိုအမျိုးသမီးက သူ့ကို ကျော်ပြီး လှေကားထစ်များကို သွက်သွက် ဆင်းသွားသည်။

## တင်း – တောင်

တံခါးပွင့်သွားသည်နှင့် အချက်ပေး ခေါင်းလောင်းသံ ထွက်ပေါ်လာသည်။ ဂိုတာရိုက လှေကားထစ်များကို တစ်ဖန် ပြန်ဆင်းသည်။ သူ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရခြင်းမှာ သည်ကော်ဖီဆိုင်က အတိတ်ကို ပြန်လည်ပို့ဆောင်ပေးနိုင်သည်ဟု အတပ် မပြောနိုင်ခြင်းကြောင့် ဖြစ်သည်။ သူက သူငယ်ချင်း စကားကို ယုံ၍ ရောက်လာခြင်း ဖြစ်သည်။ ရှူအိချိသာ စနောက်ပြောခဲ့ခြင်း ဖြစ်လျှင် သူ ဟားတိုက်ခံရလိမ့်မည်။

m g y o e . c o m

mgyoe.com

SAMPLE BOOK


အတိတ်ကိုပြန်သွားလိုလျှင် စိတ်ပျက်ဖွယ် ကောင်းသော စည်းမျဉ်းများကို လိုက်နာရသည်။ တစ်ခုမှာ အတိတ်တွင် မည်သည့်အရာကို ပြုလုပ်သည်ဖြစ်စေ ပစ္စုပ္ပန်ကို မပြောင်းလဲနိုင်ခြင်း ဖြစ်သည်။

ထိုအကြောင်းကြားသော် ပစ္စုပ္ပန်ကို မပြောင်းလဲနိုင်ဘဲ အဘယ်ကြောင့်အတိတ်ကို ပြန်သွားကြသနည်းဟု တွေးမိခဲ့သူ ဂိုတာရိုသည် ယခုအခါ ထိုကော်ဖီဆိုင် အရှေ့တွင် မတ်တတ်ရပ်ပြီး အတိတ်ကို ပြန်သွားရန် တွေးနေပြီ။

ထိုအမျိုးသမီးက သူ့စိတ်ကို ဖတ်နိုင်၍လော။ တကယ်ဆိုလျှင် 'အထဲဝင်ပါဦး'၊ သို့မဟုတ် 'ကြိုဆိုပါတယ်' ဟု ပြောသင့်သည် မဟုတ်လော။ သို့သော်သူက "ဘာဖြစ်လို့ အထဲ ဝင်ထိုင်ပြီး အေးဆေး မစဉ်းစားတာလဲရှင့်" ဟုပြောခဲ့သည်။ သူက 'ဟုတ်တယ်၊ အထဲဝင်ထိုင်ပြီးမှ သွားမယ်၊ မသွားဘူးဆုံးဖြတ်ပါလား' ဟု ဆိုလိုခြင်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

ပို၍ ထူးဆန်းသည်မှာ ထိုအမျိုးသမီးက သူ လာသည့် အကြောင်းအရင်းကို သိနေခြင်း ဖြစ်သည်။ မျှော်လင့်ချက် ရေးရေးကလေးကို သူ ခံစားမိသည်။ ထိုအမျိုးသမီး ပေါ့ပေါ့တန်တန် ပြောလိုက်သည့် စကားတစ်ခွန်းက သူ၏ဆုံးဖြတ်ချက်ကို ခိုင်မာစေလိုက်သည်။ သူက တံခါးလက်ကိုင်ကို လှည့်၍ တံခါးကို တွန်းဖွင့်လိုက်လေသည်။

တင်း – တောင်

ဂိုတာရိုသည် အတိတ်ကို ပြန်သွားနိုင်သည်ဟု နာမည်ကျော်သော ကော်ဖီဆိုင်ထဲ ခြေချလိုက်လေသည်။

အသက် ၅၁ နှစ်အရွယ် ဂိုတာရိုသည် သည်နှစ်ထဲ အသက် ၂၃ နှစ် ပြည့်မည့် သမီးဖြစ်သူ ဟာရုကာနှင့် အတူ နေထိုင်သည်။ မိခင် မရှိသည့် သမီးကို တစ်ကိုယ်တည်း ခဲခဲယဉ်းယဉ်း ပြုစုပျိုးထောင်ခဲ့သည်။ မိခင်မှာ သူငယ်ငယ်က နာမကျန်းဖြစ်၍ ဆုံးပါးသွားခဲ့သည်ဟု အသိပေးထားသည်။ ဂိုတာရိုသည် ဟာချိအိုဂျီမြို့၌

mgyoe.com

mgyoe.com SAMPLE BOOK

တော်ရုံသင့်ရုံ စားသောက်ဆိုင် တစ်ဆိုင် ဖွင့်ထားသည်။ သူ့သမီး ဟာရူက က သူ့ကို ဝိုင်းကူပေးသည်။

သူသည် နှစ်မီတာ အမြင့်ရှိသော သစ်သားတံခါးမှတစ်ဆင့် ကော်ဖီဆိုင်ထဲ ဝင်သည်။ သို့သော် လှျောက်လမ်းအတိုတစ်ခု ရှိနေသေး၏။ လှျောက်လမ်းအတိုင်း တည့်တည့်ကြည့်လိုက်လျှင် သန့်စင်ခန်းကို တွေ့ရမည်။ လက်ယာဘက်ကို ချိုးသွားလျှင်တော့ ကော်ဖီဆိုင်ထဲ ရောက်သွားမည်။

သူ ကော်ဖီဆိုင်ထဲ ခြေချလိုက်သောအခါ ကောင်တာစားပွဲတွင် အမျိုးသမီး တစ်ဦး ထိုင်နေသည်ကို တွေ့လေသည်။

"ကာဇူ ... ညှော့သည်"

ထိုအမျိုးသမီးက သူ့ကို တွေ့သည်နှင့် ချက်ချင်း အော်ပြောသည်။

သူ့နံဘေးတွင်မူလတန်းကျောင်းသားအရွယ်ကောင်လေးတစ်ယောက် ထိုင်နေသည်။ ဝင်ပေါက်နှင့် အဝေးဆုံးစားပွဲ၌ အဖြူရောင် အင်္ကျီလက်တိုနှင့် အမျိုးသမီးတစ်ဦး ထိုင်နေသည်။ သူ့အသားအရေက ဖျော့တော့သည်။ ဘေးပတ်ဝန်းကျင်ကို လုံးဝဥဿုံ လျစ်လျူရှုကာ စာအုပ်တစ်အုပ်ကို တိတ်ဆိတ်ငြိမ်သက်စွာ ဖတ်နေသည်။

"စားပွဲထိုးညီမလေးက အခုပဲ ဈေးကနေ ပြန်ရောက်လာတာ၊ ထိုင်ပါဦး၊ သူ ထွက်လာပါလိမ့်မယ်"

ထိုအမျိုးသမီးသည် ဂိုတာရိုအား ရင်းနှီးနေသည့်နှယ် သာမန်ကာ လျှံကာ ပြောသည်။ သူက သည်ကော်ဖီဆိုင်၏ ဖောက်သည်တစ်ဦး ဖြစ်ဟန်တူသည်။ ဂိုတာရိုက ပြန်မဖြေဘဲ ခေါင်းကိုသာ ယဉ်ယဉ်ကျေးကျေး ညိတ်ပြလိုက်သည်။ ထိုအမျိုးသမီးသည် သည်ကော်ဖီဆိုင်နှင့် ပတ်သက်ပြီး သိလိုတာရှိလျှင် သူ့ကို မေးနိုင်သည့် ပုံစံဖြင့် သူ့ကို ကြည့်နေသည်ဟု ဂိုတာရို ခံစားမိသည်။ သို့သော် သူက သတိမပြုမိဟန် ဆောင်ကာ ဝင်ပေါက်နှင့် အနီးဆုံး စားပွဲတွင် ထိုင်လိုက်ပြီး ဘေးဘီ ဝဲယာကို အကဲခတ်သည်။

နံရံပေါ်တွင် ရှေးဟောင်း တိုင်ကပ်နာရီကြီး သုံးလုံးကို ချိတ်ဆွဲထားသည်။ မျက်နှာကြက်ရှိ သစ်သားထုပ်တန်း နှစ်ခု စုဆုံရာတွင် ချိတ်ဆွဲထားသော ပန်ကာကြီးက ဖြည်းဖြည်းမှန်မှန် လည်နေသည်။ ပြတင်းပေါက်မဲ့ မြေအောက် ကော်ဖီဆိုင်ထဲတွင် မျက်နှာကြက်မှ တွဲလောင်း ချိတ်ဆွဲထားသည့် မီးအိမ်များ၏ အလင်းသာ ရှိသည်။ အလင်းရောင်မှာ သိသိသာသာ မှိန်ပျနေသည်။

mgyoe.com

mgyoe.com

"မင်္ဂလာပါ၊ ကြိုဆိုပါတယ်"

အစောတုန်းက လှေကားထစ်များပေါ်တွင် သူ့ကို စကားပြောခဲ့သည့် အမျိုးသမီးသည် မီးဖိုခန်းထဲမှ ထွက်လာပြီး ရေထည့်ထားသည့် ဖန်ခွက် တစ်ခွက်ကို သူ့အရှေ့တွင် ချလိုက်သည်။

သူ့အမည်က 'ကာဇူ တိုကီတ' ဖြစ်သည်။ ကျောလယ်အထိ ရှည်သော ဆံပင်ကို စည်းထားသည်။ အဖြူရောင် ရှပ်အင်္ကျီပေါ်တွင် အမည်းရောင် ဝေ့စကုတ်နှင့် စားပွဲထိုးများ ဝတ်ဆင်လေ့ ရှိသော ရှေ့စည်း ခါးစည်းတို့ ဝတ်ထားသည်။ ကာဇူ က 'ဖူနီကူလီ ဖူနီကူလာ' ကော်ဖီဆိုင်မှ စားပွဲထိုး ဖြစ်၏။ ခံစားချက် တစ်စုံတစ်ရာ မဖော်ပြတတ်သည့် ဗာဒံစေ့သဏ္ဌာန် မျက်လုံးများ ရှိပြီး ချောမောလှပသည်။ သူ့ အသက်က သည်နှစ်တွင် ၂၉ နှစ် ပြည့်မည်။

"အမ် ... ဟို ... ဟိုလေ ... ဒီကော်ဖီဆိုင်က ....."

ဂိုတာရိုသည် အတိတ်ကို ပြန်သွားချင်သည့် အကြောင်းကို မည်ကဲ့သို့ အစပျိုးရမှန်း မသိဘဲ ဖြစ်နေသည်။

ကာဇူက ဗျာယာခတ်နေသည့် ဂိုတာရိုကို တည်ငြိမ်စွာ ကြည့်လိုက်သည်။ ထို့နောက် မီးဖိုခန်းဘက် လှည့်ကြည့်ရင်း -

"အစ်ကိုက ဘယ်အချိန်ကို သွားချင်တာလဲ" ဟု မေးသည်။

မီးဖိုခန်းထဲမှ ကော်ဖီ ဆူပွက်သည့် အသံ ထွက်လာသည်။

*'ဒီစားပွဲထိုး ကောင်မလေးက တခြားသူရဲ့ စိတ်ကို ဖတ်နိုင်သားပဲ'*

မီးဖိုခန်းထဲမှ စတင်ပျံ့လွင့်လာသည့် သင်းပျံ့သော ကော်ဖီရနံ့ကြောင့် ထိုနေ့ကို သူ ပြန်သတိရသွားသည်။

'ဂိုတာရို ချီဘာ' နှင့် 'ရှူအိချိ ကာမီရ' တို့ ခုနစ်နှစ်အတွင်း ပထမဆုံးအကြိမ် ပြန်ဆုံဖြစ်ခဲ့တာ သည်ကော်ဖီဆိုင် အရှေ့တွင် ဖြစ်သည်။ သူတို့နှစ်ဦးက တက္ကသိုလ်၌ ရပ်ဂ်ဘီ ကစားဖော် ဖြစ်ခဲ့သည်။

ဂိုတာရိုသည် ထိုအချိန်၌ အိမ်ခြေရာမဲ့ ဘဝသို့ ရောက်နေသည်။ သူ အမည်ခံ၍ ချေးငွေထုတ်ပေးခဲ့သည့် သူငယ်ချင်းတစ်ဦး၏ ကုမ္ပဏီက ဒေဝါလီ

mgyoe.com

mgyoe.com

ခံသွားသောကြောင့် မွဲပြာကျသွားခြင်း ဖြစ်သည်။ အဝတ်အစားများက ညစ်ပေကာ အနံ့ထွက်နေသည်။ သူ့ပုံစံက မနှစ်မြို့ဖွယ် ကောင်းသော်လည်း ရှုအိချိုက ဝမ်းသာအားရ တွေ့ဆုံနှုတ်ဆက်သည်။ ဂိုတာရိုကို ကော်ဖီဆိုင်ထဲ ခေါ်သွားပြီး သူ့အဖြစ်ဆိုးကို ပြောပြစေသည်။ နောက်ဆုံး၌ သူ့စားသောက်ဆိုင်တွင် အလုပ်လာလုပ်ရန် ကမ်းလှမ်းသည်။

ရှုအိချိ ဘွဲ့ရပြီးသော် အိုဆာကာ ရပ်ဂ်ဘီလိဂ်တစ်ခုရှိ အသင်းတစ်သင်းက သူ၏ စွမ်းရည်ကို သဘောကျသောကြောင့် ခေါ်ယူလိုက်သည်။ ထိုအသင်းအတွက် တစ်နှစ်ပင် မကစားရသေး။ သူ ဒဏ်ရာရသွား၏။ ဒဏ်ရာ သက်သာလာသော် ပြန်မကစားတော့ဘဲ စားသောက်ဆိုင်များကို စီမံခန့်ခွဲသော ကုမ္ပဏီ တစ်ခုတွင် အလုပ် ဝင်လုပ်သည်။ ယခင်ကတည်းက အတွေးအမြင် ရှိသော ရှုအိချိသည် အခွင့်အရေးကို မြင်သောကြောင့် အခြားသူများထက် နှစ်ဆ၊ သုံးဆ အလုပ်ပိုကြိုးစားခဲ့ရာ အချိန်တစ်ခု ရောက်သော် ဆိုင်ခွဲ ခုနစ်ဆိုင် ရှိသည့် စားသောက်ဆိုင်ကြီး၏ မန်နေဂျာ ဖြစ်လာလေသည်။ အိမ်ထောင်ပြုပြီးသော် တစ်စင်ထောင်ရန် ဆုံးဖြတ်ပြီး ဂျပန်ရိုးရာ စားသောက်ဆိုင်လေး တစ်ဆိုင် ဖွင့်၍ ဇနီးဖြစ်သူနှင့်အတူ ဦးစီးသည်။ ယခုအခါ အလွန်လူကျသောကြောင့် အကူအညီ လိုနေသဖြင့် ဂိုတာရိုအား ကမ်းလှမ်းခြင်း ဖြစ်သည်။

"မင်း လက်ခံမယ် ဆိုရင် ငါ့ကို တော်တော်လေး ကူညီရာ ရောက်မယ်" ဟု သူက ပြောသည်။

ဆင်းရဲ မွဲတေခြင်းနှင့် မျှော်လင့်ချက်အားလုံး ပျောက်ဆုံးနေခြင်းတို့ကြောင့် အဘက်တက်မှ ချွတ်ခြုံကျနေသည့် ဂိုတာရိုသည် ဝမ်းသာလွန်း၍ မျက်ရည်များပင် ကျလာသည်။ သူက ခေါင်းညိတ်၍ –

"ကောင်းပြီ၊ ငါ လုပ်မယ်"

ရှုအိချိက ရုတ်ခြည်း ထရပ်လိုက်သည်။ သူက သွားပေါ်အောင် ပြုံး၍–

"ငါ့သမီးကို လိုက်ကြည့်ပါဦး"

ယခုထိ အိမ်ထောင်မကျသေးသော ဂိုတာရိုက အနည်းငယ် အံ့သြသွားသည်။

"မင်းရဲ့ သမီး"

သူက မျက်လုံးပြူး၍ ပြန်မေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဟုတ်တယ်၊ မွေးကင်းစလေးပဲ ရှိသေးတာ၊ ချစ်စရာ သိပ်ကောင်းတယ်ကွ"

ရှုအိချိုက ပြေစာကို ကောက်ယူပြီး ငွေရှင်းကောင်တာဆီ လျှောက်သွားသည်။

"တစ်ဆိတ်လောက် ... ငွေရှင်းချင်လို့ပါ"

ငွေရှင်းကောင်တာအနောက်တွင် အထက်တန်းကျောင်းသားအရွယ်ကောင်လေးတစ်ယောက် ရပ်နေသည်။ သူ့အရပ်က အလွန်ရှည်၏။ နှစ်မီတာခန့် မြင့်မည်။ ဗာဒံစေ့သဏ္ဍာန် မျက်လုံးများ ရှိသည်။

"ယန်း ၇၆၀ ကျတယ် ခင်ဗျ"

"ဒီမှာပါ"

ဂိုတာရိုနှင့် ရှုအိချိုတို့သည် ရပ်ဂ်ဘီကစားသမားများ ဖြစ်သည့် အားလျော်စွာ အများစုထက် လူကောင်ကြီးသည်။ သူတို့က ထိုလူငယ်ကို မော့ကြည့်လိုက်ပြီးနောက် တစ်ယောက်ကို တစ်ယောက် ပြန်ကြည့်၍ ရယ်လိုက်ကြသည်။ သည်ကောင်လေးက ရပ်ဂ်ဘီ ကစားရန် မွေးဖွားလာသူ ဖြစ်သည်ဟု နှစ်ယောက်လုံး တစ်ပြိုင်နက်တည်း တွေးမိဟန် တူသည်။

"ပြန်အမ်းငွေပါ"

ရှုအိချိုက ပြန်အမ်းငွေ ယူပြီး ဆိုင်အပြင် ထွက်သွားသည်။

ဂိုတာရိုသည် အိမ်ခြေရာမဲ့ဘဝသို့ မရောက်ခင်က ဖခင်ဖြစ်သူ၏ တစ်နှစ်လျှင် ယန်း သန်းပေါင်း ၁၀၀ ဝင်သည့် ကုမ္ပဏီကို အမွေ ရရှိထားသည်။ သူက လူရိုးလူဖြောင့်တစ်ဦး ဖြစ်သော်လည်း စည်းစိမ်ဥစ္စာက လူသားတို့ကို ပြောင်းလဲစေသည် မဟုတ်လော။ ပိုက်ဆံရှိလျှင် ဘာမဆို လုပ်နိုင်သည်ဟု အတွေးဝင်ကာ သုံးဖြုန်းခဲ့သည်။ သူငယ်ချင်းတစ်ဦး၏ ကုမ္ပဏီအတွက် နာမည်ခံ၍ ချေးငွေများ ထုတ်ယူပေးခဲ့သည်။ ထိုကုမ္ပဏီ ဒေဝါလီခံသွားသော် သူ့ကုမ္ပဏီလည်း ပြိုလဲသွားသည်။ ပိုက်ဆံ မရှိတော့သည့်အခါ ပတ်ဝန်းကျင်ရှိ လူတိုင်းက သူ့ကို ရှောင်ဖယ်လာကြသည်။ ယခင်က အတော်အတန် ရင်းနှီးသူများပင် သူစိမ်းဆန်သွားကြသည်။ တစ်ဦး ဆိုလျှင် သူ့ကို တည့်တည့်ကြည့်၍ –

mgyoe.com

mgyoe.com SAMPLE BOOK

"ပိုက်ဆံ မရှိတဲ့ ကောင်က အလကားကောင်ပဲ" ဟုပင် ပြောခဲ့သေးသည်။

ရှအိချိကတော့ ထိုသူများနှင့် မတူ။ အရာအားလုံး ဆုံးရှုံးသွားခဲ့သည့် ဂိုတာရိုအား ဖော်ဖော်ရွေရွေ ဆက်ဆံခဲ့သည်။ အကျိုးအမြတ်ကို မမျှော်ကိုးဘဲ ရုန်းကန်နေရသည့် လူတစ်ယောက်အား ကူညီခြင်းသည် အလွန်ရှားပါးသော အပြုအမူ ဖြစ်၏။

**တင်း – တောင်**

ဂိုတာရိုသည် ကော်ဖီဆိုင် အပြင်သို့ ထွက်သွားသည့် ရှအိချိကို ငေးကြည့်ရင်း တစ်နေ့တော့ ကျေးဇူးပြန်ဆပ်မည်ဟု သူ့ကိုယ်သူ ပြောသည်။

သည်အခြင်းအရာကား လွန်လေပြီးသော ၂၂ နှစ်က ဖြစ်ပျက်ခဲ့ခြင်း ပေတည်း။

ဂိုတာရိုက သူ့ အရှေ့ရှိ ရေခွက်ကို လှမ်းယူပြီး လည်ချောင်းကို စိုစွတ်စေလိုက်သည်။ ထို့နောက် သူ သက်ပြင်းချသည်။ သူသည် ၅၁ နှစ်အရွယ်ဟု မထင်ရလောက်အောင် နုပျိုသော်လည်း ဆံပင်တချို့မှာတော့ မီးခိုးရောင် ပြောင်းနေပြီ။

"အဲ့ဒါနဲ့ အစ်ကိုက သူ့ဆိုင်မှာ အလုပ် ဝင်လုပ်တယ်။ အလုပ်ထဲ စိတ်နှစ်ပြီး အလုပ်အကြောင်း ကောင်းကောင်းသိအောင် ကြိုးစားတယ်။ တစ်နှစ်လောက်နေတော့ ကားအက်ဆီးဒင့် တစ်ခုဖြစ်တယ်၊ ရှအိချိနဲ့ သူ့အမျိုးသမီး....."

လွန်ခဲ့သော ၂၂ နှစ်က ဖြစ်ပျက်ခဲ့သော်လည်း ထိုအရိပ်မည်းကြီးက သူ့ကို ယခုတိုင် စိုးမိုးနေဆဲ ဖြစ်သည်။ သူ့မျက်လုံးများ နီရဲလာပြီး စကားလုံးများက လည်မျိုတွင် တစ်ဆို့လာသည်။

ကောင်တာစားပွဲတွင် ထိုင်နေသည့် ကောင်လေးက နောက်ဆုံး လက်ကျန် လိမ္မော်ရည်များကို ပိုက်ဖြင့် ဆူညံစွာ စုပ်သောက်နေသည်။

"ပြီးတော့ ဘာဖြစ်သွားလဲ"

ကာဇူက လုပ်လက်စ အလုပ်ကို မရပ်ဘဲ သာမန်ကာလျှံကာ မေးသည်။ သူသည် အရေးကြီးသည့် အကြောင်းအရာကို ပြောဆိုလျှင်လည်း လေသံကို ပြောင်းလေ့ မရှိပေ။

mgyoe.com

mgyoe.com SAMPLE BOOK

"သူတို့သမီးပဲ ကျန်ခဲ့တယ်၊ ကလေးလေးကို သနားတာနဲ့ မွေးစားဖို့ ဆုံးဖြတ်လိုက်တယ်"

ဂိုတာရိုက မျက်လွှာချ၍ တစ်ယောက်တည်း ပြောနေသည့်ပမာ ရေရွတ်လိုက်၏။ ထို့နောက် လေးလံစွာ မတ်တတ်ရပ်လိုက်သည်။

"တောင်းပန်ပါတယ်၊ ကျေးဇူးပြုပြီး အစ်ကို့ကို လွှန်ခဲ့တဲ့ ၂၂ နှစ်ကို ပြန်ပို့ပေးပါ"

သူက ရိုရိုကျိုးကျိုး ဦးညွှတ်လိုက်သည်။

သည်ကော်ဖီဆိုင်၏ အမည်မှာ 'ဖူနီကူလီ ဖူနီကူလာ' ဖြစ်သည်။ အချိန်ခရီး သွားနိုင်သည်ဟု လွန်ခဲ့သော ၁၀ နှစ်၊ ၁၅ နှစ်ခန့်က နာမည်ကြီးလာခဲ့သည်။ အတိတ်ကို အမှန်တကယ် ပြန်သွားနိုင်သည်ဟု ပြောဆိုနေကြသည်။

လမ်းခွဲသွားသည့် ရည်းစားနှင့် ပြန်တွေ့ရန် အတိတ်ကို ပြန်သွားခဲ့သည့် အမျိုးသမီးအကြောင်း၊ ကားအက်ဆီးဒင့်ဖြင့် ကွယ်လွန်သွားခဲ့သည့် ညီမ ဖြစ်သူနှင့် ပြန်တွေ့ရန် အတိတ်ကို ပြန်သွားခဲ့သည့် အစ်မတစ်ယောက် အကြောင်း၊ မှတ်ဉာဏ် ပျောက်ဆုံးသွားသည့် ခင်ပွန်းဖြစ်သူကို မှတ်ဉာဏ် မပျောက်ဆုံးမီ အနေအထားနှင့် တွေ့ချင်သဖြင့် အတိတ်ကို ပြန်သွားခဲ့သည့် ဇနီးတစ်ဦး အကြောင်း စသည်ဖြင့် ယနေ့တိုင် အမျိုးမျိုး အဖုံဖုံ ပြောနေကြသည်။

အတိတ်ကို ပြန်သွားလိုသူတိုင်းသည် အလွန်စိတ်ပျက်ဖွယ် ကောင်းသော စည်းမျဉ်းအချို့ကို လိုက်နာရ၏။

ပထမစည်းမျဉ်း – အတိတ်၌ သည်ကော်ဖီဆိုင်သို့ ရောက်ဖူးသူနှင့်သာ ပြန်လည် ဆုံစည်းနိုင်သည်။ သင် တွေ့လိုသူက သည်ကော်ဖီဆိုင်သို့ တစ်ကြိမ် တစ်ခါမျှ မလာဖူးလျှင် ထိုသူနှင့် မတွေ့ဆုံနိုင်ပေ။

ဒုတိယစည်းမျဉ်း – အတိတ်သို့ ပြန်ရောက်သွားသည့်အခါ မည်သည့် အရာကို ပြုလုပ်သည်ဖြစ်စေ ပစ္စုပ္ပန်ကို မပြောင်းလဲနိုင်ပါ။ လူအများစုသည် သည်စည်းမျဉ်းကို ကြားလိုက်သည်နှင့် စိတ်ဓာတ်ကျသွားကြသည်။ အဘယ် ကြောင့်ဆိုသော် လူအများစုက သူတို့၏ အမှားများကို ပြန်လည် ပြင်ဆင်လို

mgyoe.com

mgyoe.com SAMPLE BOOK

ခြင်းကြောင့် အတိတ်ကို ပြန်သွားလိုကြခြင်း ဖြစ်သည်။ အများစုက သည် စည်းမျဉ်းကို ကြားလိုက်သည်နှင့် အတိတ်ကို ပြန်သွားလိုသည့် သူတို့၏ စိတ်ဆန္ဒကို လက်လျှော့လိုက်ကြသည်။

တတိယစည်းမျဉ်း - အချိန်ခရီးသွားလိုလျှင် သတ်မှတ်ထားသည့် ထိုင်ခုံတွင်သာ ထိုင်ရမည်။ ထိုထိုင်ခုံကလည်း တစ်လုံးတည်းသာ ရှိသည်။ ထိုခုံတွင် အမျိုးသမီးတစ်ဦး အမြဲထိုင်နေသည်။ ထိုအမျိုးသမီး သန့်စင်ခန်းသွားမှသာ ထိုခုံတွင် ဝင်ထိုင်ခွင့် ရှိသည်။ သူ မည်သည့်အချိန် သွားတတ်သည်ကို မည်သူမျှ အတပ်မပြောနိုင်သဖြင့် ထိုထိုင်ခုံ လစ်လပ်သွားမည့် အချိန်ကို စိတ်ရှည်ရှည်နှင့် စောင့်ဆိုင်းရပေမည်။

စတုတ္ထစည်းမျဉ်း - အတိတ်ကို ပြန်ရောက်သွားလျှင် ထိုထိုင်ခုံမှ ထခွင့်မရှိပေ။အကယ်၍ထလိုက်ပါမူ ပစ္စုပ္ပန်သို့ချက်ချင်းပြန်ရောက်သွားမည်။ ဆိုလိုသည်မှာ အတိတ်သို့ ပြန်ရောက်သွားလျှင် ကော်ဖီဆိုင်အပြင်သို့ ထွက်ခွင့် မရှိတော့ပါ။

ဤကဲ့သို့ စိတ်ပျက်ဖွယ် ကောင်းသည့် စည်းမျဉ်းများစွာ ရှိနေသည့်ကြားက ဂိုတာရို ကဲ့သို့ အချိန်ခရီးသွားလိုများကတော့ သည်ကော်ဖီဆိုင်သို့ လာကြသည်။

"ရှင် အတိတ်ကို ပြန်ရောက်သွားပြီ ဆိုပါတော့၊ ဘာလုပ်မယ် စိတ်ကူးထားလဲ"

သူ ဆိုင်ထဲ ဝင်လာစဉ် သူ့ကို ထိုင်ခိုင်းခဲ့သည့် အမျိုးသမီးက ပြောသည်။ သူ့အမည်က 'ကျိုကို ခီဂါမိ' ဖြစ်သည်။ သူက သည်ကော်ဖီဆိုင်၏ ဖောက်သည်လည်း ဖြစ်သည်။ အတိတ်ကို ပြန်သွားလိုသည့် ဧည့်သည် တစ်ဦးအား ပထမဆုံးအကြိမ် မြင်ဖူးသလို ဂိုတာရိုအား စပ်စပ်စုစု စိုက်ကြည့်နေသည်။

"စိတ်မရှိပါနဲ့၊ ရှင်က အသက် ဘယ်လောက်လဲ မသိဘူး"

"ကျွန်တော်က ၅၁ နှစ်ပါ"

ဂိုတာရိုက ခါးကိုင်းကိုင်း ထိုင်နေသည်။ လက်နှစ်ဖက်ကို ယှက်ထားပြီး စားပွဲပေါ် တင်ကာ သူ့လက်နှစ်ဖက်ကို စိုက်ကြည့်ရင်း ပြန်ပြောသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"အဲဒီ ရှုအိချိလား၊ ဂုအိချိလား ရှင့်သူငယ်ချင်းက ၂၂ နှစ်အရင်က ရှင့်ပုံစံကို ရုတ်တရက်ကြီး ပြန်တွေ့ရမှာ ခွကျတယ်လို့ မထင်ဘူးလား"

ဂိုတာရိုက ခေါင်းမထောင်ဘဲ သူ့လက်ကိုသာ စိုက်ကြည့်နေသည်။

"နည်းနည်း ထူးဆန်းတယ်လို့ မထင်ဘူးလားရှင့်"

ကျိုကိုက ထပ်မေးပြီး ကာဇူမျှား ထောက်ခံမလားဟုတွေးကာ ကောင်တာစားပွဲ အနောက်ကို လှည့်ကြည့်လိုက်သည်။

"ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်"

ကာဇူက ရာနူန်းပြည့် ထောက်ခံပုံ မရပေ။

"မေမေ ... မေမေ့ကော်ဖီတွေ အေးကုန်တော့မယ်"

လိမ္မော်ရည် ကုန်သွားသဖြင့် နန့်နန့်တက်စ ပြုလာသည့် ကောင်လေးက ပြောသည်။ သူက ကျိုကို၏သား 'ယိုဆုကိ ခီဂျိမ' ဖြစ်သည်။ နွေဦးရောက်လျှင် လေးတန်း တက်ရတော့မည်။ ဆံပင်က မတိုမရှည်နှင့် မသပ်မရပ် ဖြစ်နေသည်။ မျက်နှာက နေလောင်ခံထားရသည်။ ကျောနံပါတ် ၉ ရိုက်နှိပ်ထားသည့် 'မိုင်တိုကု' ဘောလုံးအင်္ကျီ ဝတ်ထားသည်။ သူက ဘောလုံးသရဲ ဖြစ်၏။

ယိုဆုကိက သူ့မိခင်၏ နံဘေး ကောင်တာစားပွဲပေါ်ရှိ ပါဆယ်ထုပ်ထားသည့် ကော်ဖီအကြောင်း ပြောနေခြင်း ဖြစ်သည်။

"ကိစ္စမရှိပါဘူး၊ သား ဘွားဘွားက အပူမှ မကြိုက်တာ"

ကျိုကိုက သူ့မျက်နှာကို ယိုဆုကိ နားရွက်အနီး တိုးကပ်ပြီး တီးတိုးပြောသည်။

"ခဏနေရင် ပြန်ကြမယ်၊ ဟုတ်ပြီလား"

ထို့နောက် ဂိုတာရိုဘက် ပြန်လှည့်ကာ သူ၏ တုံ့ပြန်မှုကို စောင့်ဆိုင်းသည်။

ဂိုတာရိုက စိတ်ကို စုစည်းပြီးသည့်ဟန် မတ်မတ်ထိုင်လိုက်သည်။

"ဟုတ်တယ်၊ သူ နည်းနည်းတော့ ကြောင်သွားလိမ့်မယ်"

"အင်း"

ကျိုကိုက ခေါင်းညိတ်လိုက်သည်။

ကာဇူက သူ ပြောတာကို နားထောင်ရင်း ယိုဆုကိအတွက် လိမ္မော်ရည် အသစ်တစ်ခွက် ချပေးလိုက်သည်။ ကောင်လေးက ခေါင်းကို ဆတ်ခနဲ ညိတ်၍ ကျေးဇူးတင်ကြောင်း ပြောသည်။

mgyoe.com

m g y o e . c o m  SAMPLE BOOK 

"အတိတ်ကို ပြန်သွားလို့ရတာ တကယ်ဆိုရင် ကျွန်တော် ရှုအိချိကို အရမ်းပြောချင်နေတဲ့ စကားတွေ ရှိတယ်"

မေးသူမှာ ကျိုကို ဖြစ်သော်လည်း ဂိုတာရိုက ကာဇူ့ကို တည့်တည့်ကြည့်၍ ဖြေသည်။ ဂိုတာရို၏ စကားလုံးများက ကာဇူ၏ မျက်နှာအမူအရာကို ပြောင်းလဲနိုင်စွမ်း မရှိပါ။

ကာဇူသည် သူ့ပုံစံအတိုင်း ကောင်တာ အနောက်မှ အေးဆေးတည်ငြိမ်စွာ ထွက်လာပြီး ဂိုတာရို၏ အရှေ့တွင် ရပ်လိုက်သည်။ ကာဇူသည် အချိန်ခရီး သွားနိုင်သည့် အကြောင်းကို ကြားသိပြီး ရောက်ရှိလာသော ဂိုတာရိုကဲ့သို့ ဧည့်သည်များ၏ ဇာတ်ကြောင်းများကို အမြဲတမ်း တည်တည်ငြိမ်ငြိမ် နားထောင်လေ့ ရှိသည်။

"အစ်ကို စည်းမျဉ်းတွေ သိလား"

ကာဇူက ယခုလို မေးရခြင်းမှာ စည်းမျဉ်းများအကြောင်း မသိတဲ့ ကော်ဖီဆိုင်သို့ ရောက်ချလာသော အချိန်ခရီးသွားလိုသူများ ရှိခြင်းကြောင့် ဖြစ်သည်။

"နည်းနည်း... ပါးပါး... တော့ သိပါတယ်"

ဂိုတာရိုက တုံ့ဆိုင်းစွာ ဖြေသည်။

"နည်းနည်းပါးပါး"

ကျိုကိုက အသံကျယ်ကျယ်နှင့် လွှတ်ခနဲ ပြောလိုက်သည်။ ကော်ဖီဆိုင်ထဲရှိ လူများအနက် သူတစ်ယောက်တည်းသာ စိတ်လှုပ်ရှားနေပုံ ရသည်။

ကာဇူက ကျိုကို့ကို ဖျတ်ခနဲ ကြည့်လိုက်သည်။ ထို့နောက် ဂိုတာရိုဘက် ပြန်လှည့်ကာ စိုက်ကြည့်ပြီး 'မေးတာ ဖြေဦးလေ' ဟု စိတ်ထဲ ရေရွတ်လိုက်သည်။

ဂိုတာရိုက အားတုံ့အားနာ ပခုံးတွန့်လိုက်သည်။

"ထိုင်ခုံတစ်လုံးမှာ ထိုင်ရမယ်၊ အမ်... တစ်ယောက်ယောက်က ကော်ဖီဖျော်ပေးမယ်၊ ပြီးတော့... အဲဒီကော်ဖီကို သောက်လိုက်ရင် အတိတ်ကို ပြန်ရောက်သွားမယ်၊ အစ်ကို ကြားထားတာ အဲဒါ အကုန်ပဲ"

သူက မပြေမပြစ် ပြောသည်။

"အဲဒီလောက်ပဲလား... ရှင် ဘယ်က ကြားထားတာလဲ"

ကျိုကိုက မေးသည်။

"ရှုအိချိဆီက"

m g y o e . c o m

mgyoe.com

SAMPLE BOOK

"ရှအိချိဆီက ... ဒါဆို လွန်ခဲ့တဲ့ ၂၂ နှစ်ကပေါ့"

"ဟုတ်ပါတယ်"

"သြော်"

"အသက်ကြီးသွားတဲ့ ကျွန်တော့်ပုံစံကို ရုတ်တရက်ကြီး တွေ့လိုက်ရရင် သူ အတော်လန့်သွားလိမ့်မယ်၊ ဒါပေမဲ့ အဆင်ပြေမယ်လို့တော့ ထင်ပါတယ်"

"ကာဇူကော ဘယ်လို ထင်လဲ"

ကျိုကိုသည် ဂိုတာရို၏ အတိတ်ကို ပြန်သွားလိုသည့် အရေးကိစ္စကို အဆုံးအဖြတ်ပေးရမည့် သူမှာ သူနှင့် ကာဇူသာ ဖြစ်သလို ပုံစံမျိုးနှင့် ပြောသည်။ သို့သော် ကာဇူက မှတ်ချက်မပေးဘဲ သူ့ပုံစံအတိုင်း အေးဆေးတည်ငြိမ်စွာ ပြောသည်။

"အတိတ်ကို ပြန်သွားရင်လဲ ဖြစ်ပျက်ပြီးသား ကိစ္စတွေက မပြောင်းလဲသွားဘူးနော်၊ အစ်ကို သိတယ် မဟုတ်လား"

ဧည့်သည် အများအပြားသည် မတော်တဆမှုကြောင့် သေဆုံး ကွယ်လွန်သွားသည့် မိသားစုဝင်များ၊ ချစ်သူရည်းစားများနှင့် မိတ်ဆွေ သူငယ်ချင်းများကို အသက်ဘေးမှ ကယ်တင်နိုင်ရန် မျှော်လင့်တကြီး ရောက်လာတတ်ကြသောကြောင့် ကာဇူက ဧည့်သည် အယောက်စီတိုင်းကို သည်အကြောင်း ရှင်းပြသည်။

"အစောကတည်းက အဲဒီလို ထင်ထားပါတယ်"

ဂိုတာရိုသည် ကာဇူ၏ ထိုစကားအပေါ် တုန်လှုပ်ခြင်း မရှိဘဲ ညင်ညင်သာသာ ပြန်ပြောသည်။

## တင်း – တောင်

ထိုစဉ် အချက်ပေး ခေါင်းလောင်းသံ ထွက်ပေါ်လာပြီး ကောင်မလေး တစ်ယောက် ဆိုင်ထဲ ဝင်လာသည်။

"ပြန်လာပြီပေါ့"

ကာဇူက သူ့ကို မြင်သောအခါ ပြောသည်။

ထိုကောင်မလေးသည် ကော်ဖီဆိုင်ပိုင်ရှင် 'နဂဲ တိုကီတ' ၏ သမီးဖြစ်သူ 'မိခိ တိုကီတ' ဖြစ်သည်။ သူက မူလတန်းသုံး သားရေကျောပိုးအိတ် အနီလေးကို ဝံ့ကြွားစွာ လွယ်ထားသည်။

mgyoe.com

m g y o e . c o m  SAMPLE BOOK 

"ကလေး ပြန်လာပါပြီ"

မီခီက တစ်ဆိုင်လုံး ပွဲတင်ခတ်သွားအောင် ကျယ်လောင်သော အသံဖြင့် ပြောသည်။

"မီခီလေး... အဲဒီလောက် လှတဲ့ လွယ်အိတ်လေး ဘယ်သူ ဝယ်ပေးတာလဲ"

"မမကာဇူ ဝယ်ပေးတာ"

မီခီက ပြုံး၍ ကာဇူ့ကို လက်ညှိုးထိုးကာ ပြောသည်။

"ဟုတ်လား၊ အိတ်ကလေးက ချစ်စရာလေးနော်"

ကျိုကိုက အမွှမ်းတင်ပြီးနောက် ကာဇူ့ဘက် လှည့်လိုက်ပြီး -

"ကျောင်းက မနက်ဖြန်မှ ဖွင့်မှာ မဟုတ်လား"

"ဟုတ်တယ်၊ မနက်ဖြန်မှ"

ကာဇူက မသိမသာလေး ပြုံး၍ ပြန်ဖြေသည်။

"ဘွားဘွား ခီနုယို နေကောင်းလား"

မီခီက မေးသည်။

"ဘွားဘွားက ဒေါင်ဒေါင်မြည်ပဲ၊ အခုတောင် အန်တီတို့က ဘွားဘွားအတွက် ကော်ဖီ လာဝယ်တာလေ၊ သူက သမီးဖေဖေ လုပ်တဲ့ ဆန်းဝစ်ချ်လဲ မှာလိုက်သေးတယ်"

ကျိုကိုက သူ့နံဘေးတွင် ချထားသည့် ပါဆယ် ထုပ်ထားသော ကော်ဖီအိတ်ကို မြှောက်ကိုင်ပြ၍ ပြောသည်။ ယိုဆုကိက မိခင်ဖြစ်သူ၏ နံဘေးတွင် မီခီ့ကို ကျောပေး ထိုင်လျက် လိမ္မော်ရည် ဒုတိယခွက်ကို တစ်ငုံစီ စုပ်သောက်နေသည်။

"ဘွားဘွား ခီနုယိုက ဖေဖေ့ ဆန်းဝစ်ချ်ကို နေ့တိုင်း စားတာတောင် မမုန်းသေးဘူးလား"

"ဘွားဘွားက သမီးဖေဖေ ဖျော်တဲ့ ကော်ဖီနဲ့ ဆန်းဝစ်ချ်ကို အရမ်းကြိုက်တာ"

"ဟင်... ဖေဖေလုပ်တဲ့ ဆန်းဝစ်ချ်က အဲဒီလောက် ကောင်းတာလဲ မဟုတ်ဘဲနဲ့"

မီခီက အစောတုန်းကအတိုင်း ခပ်ကျယ်ကျယ် ပြောသည်။

မီးဖိုခန်းထဲမှ ထောင်ထောင်မောင်းမောင်း လူတစ်ယောက် ခေါင်းပြူထွက်လာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဟော့ကောင်မလေး... ဘယ်သူ့ဆန်းဝစ်ချ်က မကောင်းဘူးလို့ ပြောတာလဲ"

သူက မီခီ၏ ဖခင်၊ ကော်ဖီဆိုင်ပိုင်ရှင် 'နဂဲ' ဖြစ်သည်။ မီခီ၏ မိခင် 'ခေ' က မရှိတော့။ လွန်ခဲ့သော ခြောက်နှစ်က မီခီ့ကို မွေးဖွားပြီးနောက် မွေးရာပါ နှလုံးအားနည်းသည့် ရောဂါဖြင့် ဆုံးပါးသွားခဲ့သည်။

"ဟီးဟီး ... သွားလိုက်ဦးမယ်နော်"

မီခီက ကျိုကိုကို ဦးညွတ်နှုတ်ဆက်ပြီး အနောက်ခန်းထဲ လှစ်ခနဲ ဝင်သွားလေသည်။

ယိုဆုကိက ကျိုကို၏ လက်မောင်းကို အသာတို့လိုက်သည်။

"ပြန်ကြမယ်လေ"

သူက ထိုင်နေရသည်ကို ငြီးငွေ့နေသည့် လေသံနှင့် မေးသည်။

"အေးပါ၊ အမေလဲ ပြန်ဖို့ လုပ်နေတာပဲလေ"

ကျိုကိုက သူတို့ ပြန်သင့်ပြီဟု ယူဆပြီး မတ်တတ်ရပ်လိုက်သည်။ စက္ကူအိတ်ကို ယိုဆုကိအား ကိုင်စေပြီး ပြေစာကို တစ်ချက်ကလေးပင် မကြည့်ဘဲ ကော်ဖီ၊ ဆန်းဝစ်ချ်နှင့် ယိုဆုကိ၏ လိမ္မော်ရည်တို့အတွက် ကျသင့်ငွေကို ကောင်တာစားပွဲပေါ် တင်လိုက်သည်။ ထိုငွေထဲတွင် ကာဇူ ထပ်ဖြည့်ပေးသော လိမ္မော်ရည်ဖိုးလည်း ပါသည်။

"တစ်ခွက်က အလကား တိုက်တာ"

ကာဇူက လိမ္မော်ရည်တစ်ခွက်ဖိုး ပြန်နုတ်၍ ငွေရှင်းစက်ခလုတ်များကို နှိပ်လေသည်။

"မလုပ်ပါနဲ့၊ ယူပါ"

"မှာတဲ့ဟာ အတွက်ပဲ ပေးပါ၊ ကျွန်မ ယိုဆုကိလေးကို တိုက်ချင်လို့ပါ"

ကျိုကိုက ကောင်တာပေါ်ရှိ ငွေကို ပြန်မယူချင်။ သို့သော် ကာဇူက လိမ္မော်ရည်တစ်ခွက်ဖိုး နုတ်၍ ပြေစာထုတ်ပြီး သူ့ကို ကမ်းပေးနေပြီ။

ကျိုကိုသည် လိမ္မော်ရည်ဖိုး ပေးခွင့် မရသည့်အပေါ် ကျေနပ်ခြင်း မရှိသော်လည်း ကာဇူ့အကြောင်း သိသဖြင့် အတင်း မပေးတော့ပါ။

"အဲဒါဆိုလဲ ပြီးရောလေ"

သူက ကောင်တာပေါ်ရှိ ပြန်အမ်းငွေကို ယူလိုက်သည်။

mgyoe.com

mgyoe.com


"ကျေးဇူးပဲနော်"

ထို့နောက် ထိုငွေကို ပိုက်ဆံအိတ်ထဲ ထည့်လိုက်သည်။

"ဆရာမ ခီနုယိုကို မေးတယ်လို့ ပြောပေးပါဦး"

ကာဇူက ကျိုကို့ကို သိမ်သိမ်မွေ့မွေ့ ဦးညွှတ်လိုက်သည်။

ခီနုယိုသည် ကာဇူ့ကို ခုနစ်နှစ် အရွယ်တုန်းက ပန်းချီ သင်ပေးခဲ့ဖူးသည်။ သူသည် ကာဇူအား တက္ကသိုလ်၌ ပန်းချီဘာသာရပ်ကို ရွေးချယ်ရန် တွန်းအားပေးခဲ့သူလည်း ဖြစ်သည်။ ကာဇူသည် ဘွဲ့ရပြီးသောအခါ ခီနုယို၏ ပန်းချီသင်တန်းကျောင်းတွင် အချိန်ပိုင်း ပန်းချီဆရာမ ဝင်လုပ်သေးသည်။ ယခုအခါ ခီနုယိုခမျာ ဆေးရုံတက်နေရခြင်းကြောင့် ပန်းချီသင်တန်းကို အချိန်ပြည့် သွားရောက် သင်ကြားပေးနေရ၏။

"ဒီတစ်ပတ်လည်း မအားတဲ့ကြားက လာသင်ပေးတာ ကျေးဇူးတင်တယ်နော်"

"ဩော်... ရပါတယ်၊ အပန်း မကြီးပါဘူး"

ကာဇူက ပြန်ဖြေသည်။

"လီမွှော်ရည်အတွက် ကျေးဇူးပါ ခင်ဗျ"

ယိုဆုကိက ကောင်တာ အနောက်တွင် ရပ်နေကြသော ကာဇူနှင့် နဂဲတို့ကို ဦးညွှတ် အရိုအသေပေးပြီး ဆိုင်ထဲမှ ထွက်သွားလေသည်။

တင်း – တောင်

"သွားလိုက်ဦးမယ်နော်"

ကျိုကိုက လက်ပြနှုတ်ဆက်၍ ယိုဆုကိ အနောက်သို့ လိုက်သွားလေသည်။

တင်း – တောင်

သူတို့နှစ်ဦး ပျောက်ကွယ်သွားသည်နှင့် ကော်ဖီဆိုင်က ချက်ချင်း ဆိုသလို တိတ်ဆိတ်သွားသည်။ ဆိုင်ထဲတွင် သီချင်းဖွင့်လေ့ မရှိသောကြောင့် စကားပြောသူ မရှိလျှင် ဂါဝန်အဖြူနှင့် အမျိုးသမီး၏ စာရွက်လှန်သံကိုပင် ကြားရတတ်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ကော်ဖီဆိုင်ထဲတွင် ဂါဝန်အဖြူနှင့် အမျိုးသမီး၊ ဂိုတာရိုနှင့် ကာဇူတို့သာ ကျန်တော့သည်။ ကာဇူက ကောင်တာ အနောက်တွင် ရပ်၍ ခွက်အဟောင်းများကို သိမ်းဆည်း ရှင်းလင်းနေသည်။

"ပြောပြလို့ ရသေးရင် ဆက်ပြောပြပါဦး"

ကာဇူသည် အတိတ်ကို ပြန်သွားချင်နေသည့် ဂိုတာရို၏ အကြောင်းပြချက်ကို နားထောင်ရန် အသင့်ဖြစ်နေပြီ။

ဂိုတာရိုက ကာဇူ့ကို တစ်ချက် မော့ကြည့်ပြီး ဖျတ်ခနဲ မျက်နှာလွှဲလိုက်သည်။ ထို့နောက် အသက်ပြင်းပြင်း ရှူသွင်းလိုက်သည်။

"အစ်ကို့သမီး အိမ်ထောင်ပြုတော့မယ်"

"အိမ်ထောင်ပြုတော့မှာလား"

"ဟုတ်တယ်၊ တကယ်တော့ သူ ... သူက ရှုအိချိရဲ့ သမီးပါ၊ သူ့အဖေအရင်းက ဘယ်သူ ဘယ်ဝါ ဆိုတာ သမီးလေးကို ပြချင်လို့"

သူက အကျႌအိတ်ကပ်ထဲမှ ကင်မရာပါးပါးလေး တစ်လုံးကို ထုတ်လိုက်သည်။

"ရှုအိချိများ သူ့သမီးကို တစ်ခုခု ပြောချင်မလား မသိဘူး"

သူ့အသံက တိမ်ဝင်ကာ အထီးကျန် ဆန်နေသည်။

ကာဇူက သူ့ကို စိုက်ကြည့်လိုက်သည်။

"ပြီးရင်ကော"

ကောင်မလေးက သမီးအရင်း မဟုတ်ကြောင်း ဝန်ခံပြောကြားပြီးလျှင် ဘာဆက်ဖြစ်မည် ဆိုတာ သူ သိချင်သွားသည်။

ဂိုတာရို၏ နှလုံးသည်းပွတ်၌ စူးခနဲ ဖြစ်သွားသည်။

"အစ်ကိုက သူ့အဖေ မဟုတ်တော့ရုံပေါ့"

သူက အဝေးဆီ ငေးမျှော်ကြည့်ရင်း တိုးတိတ်စွာ ဖြေလိုက်သည်။

ဂိုတာရိုနှင့် ရှုအိချိတို့သည် တက္ကသိုလ် ရပ်ဂ်ဘီ အသင်း၌ အသင်းဖော်များ ဖြစ်ခဲ့ကြသည်။ သို့သော် မူလတန်းကတည်းက တစ်ယောက်ကို တစ်ယောက် သိခဲ့

mgyoe.com

m g y o e . c o m


ကြ၏။ ကိုယ်စားပြုသည့် အသင်း မတူသဖြင့် ရံဖန်ရံခါ ပြိုင်ဘက်များအဖြစ် တွေ့ဆုံခဲ့ရသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်း အဆင့်များတွင်လည်း သက်ဆိုင်ရာ အသင်းအတွက် ကိုယ်စားပြု ကစားရင်း ပြိုင်ဘက်များအဖြစ် ယှဉ်ပြိုင်ခဲ့ကြရာ တစ်ယောက်ကို တစ်ယောက် မျက်မှန်း တန်းမိလေသည်။

အထက်တန်းပြီးသော် တက္ကသိုလ်တစ်ခုတည်းတွင် ပြန်ဆုံပြီး အတန်းဖော်များ ဖြစ်လာခဲ့သည်။ ဂိုတာရိုက Full Back (ခံစစ်) နေရာ၌ ကစားပြီး ရှုအိချိုက Fly-Half (တိုက်စစ်) ကစားသည်။ Fly-Half နေရာသည် ရပ်ဂ်ဘီအသင်း တစ်သင်း၏ အဓိကအကျဆုံး နေရာဖြစ်၏။ ရှုအိချိုက အံ့အားသင့်ဖွယ် ထူးချွန် ထက်မြက်သည်။ ကစားပွဲများ၌ ထင်မှတ် မထားလောက်သည့် အရာများကို လုပ်ပြတတ်သည်။ အနာဂတ်ကို ကြိုမြင်သူဟု အသင်းဖော်များက ပြောကြသည်။

ရပ်ဂ်ဘီအသင်း တစ်သင်း၌ လူ ၁၅ ယောက် ပါဝင်သည်။ ဘောလုံးကစားခြင်းကဲ့သို့ အနောက်တန်း၊ အလယ်တန်း၊ အရှေ့တန်း စသည်ဖြင့် နေရာသတ်မှတ်ချက် ၁၀ နေရာ ရှိသည်။ ရှုအိချိုက ပြိုင်ဘက် ကစားသမားများ၏ အားနည်းချက်၊ အားသာချက် အသီးသီးကို အမြဲလေ့လာထားပြီး မည်သည့်ကစားသမားအား မည်သည့်ပုံစံဖြင့် ယှဉ်ပြိုင်ရမည်ကို ကောင်းစွာ သိရှိသဖြင့် အသင်းရှိ စီနီယာ ကစားသမားများ၏ ယုံကြည်ကိုးစားမှုကို ရရှိလာကာ အနာဂတ်၏ အသင်းခေါင်းဆောင်အဖြစ် အချိန်တိုအတွင်း လျာထားခြင်း ခံခဲ့ရ၏။

ဂိုတာရိုကတော့ မူလတန်းကတည်းက နေရာမျိုးစုံ၌ ကစားခဲ့ဖူးသည်။ သူက မည်သည့် တောင်းဆိုချက်ကိုမဆို တော်ရုံ မငြင်းတတ်။ အသင်းအတွက် လိုအပ်လျှင် လိုအပ်သလို နေရာစုံ၌ ဝင်ကစားပေးသည်။ ဂိုတာရိုနှင့် အသင့်လျော်ဆုံး နေရာက Full Back ဖြစ်ကြောင်း အခိုင်အမာ မှတ်ချက်ပေးခဲ့သူမှာ ရှုအိချို ဖြစ်သည်။ Full Back မှာ ဗဟိုခံစစ်မှူးနေရာ ဖြစ်ရာ အင်မတန် အရေးပါသည်။ ပြိုင်ဘက်ကစားသမား တစ်ဦး ဘောလုံးနှင့်အတူ ထိုးဖောက်လာပါက ဂိုးမသွင်းနိုင်စေရန် ကာကွယ်တားဆီးဖို့ရာ တာဝန်ရှိသည်။ ဂိုတာရို၏ ပြောင်မြောက်သော ဘောလုံးရှင်းထုတ်သည့် စွမ်းရည်ကြောင့် ရှုအိချိုက ခံစစ်မှူးအဖြစ် ကစားစေခြင်း ဖြစ်သည်။ ရှုအိချိုသည် အလယ်တန်းနှင့် အထက်တန်း

 mgyoe.com SAMPLE BOOK 

ကျောင်းသားဘဝ၌ ဂိုတာရိုနှင့် တွေ့ဆုံခဲ့စဉ်က တစ်ကြိမ်တစ်ခါမှ ကျော်ဖြတ်နိုင်ခဲ့ခြင်း မရှိခဲ့။ မည်သည့်အသင်းမဆို ဂိုတာရိုကဲ့သို့ ခံစစ်မှူးမျိုး ပိုင်ဆိုင်ထားလျှင် နောက်တန်းအတွက် ပူပင်စရာ မရှိနိုင်တော့ပါ။

ဘွဲ့ရပြီး ခုနစ်နှစ်ကြာသော် ကံကြမ္မာက သူတို့နှစ်ဦးကို ပြန်ဆုံစည်းစေခဲ့သည်။

ကော်ဖီဆိုင်မှ ထွက်သောအခါ ရှုအိချိ အိမ်သို့ တန်းသွားပြီး ယိုကိုနှင့် မွေးကင်းစ ကလေးလေး ဟာရူကတို့ကို တွေ့ဆုံ နှုတ်ဆက်သည်။ ယိုကိုက သူ့သမီးကို ကမန်းကတန်း ရေချိုးပေးထားပုံ ရ၏။ ရှုအိချိက သူ့ဇနီးကို ဧည့်သည် ပါလာမည့် အကြောင်း လမ်းခုလတ်၌ အသိပေးထားခဲ့ခြင်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

ယိုကိုက ဂိုတာရိုအား နွေးနွေးထွေးထွေး နှုတ်ဆက် ဧည့်ခံသည်။

"ရှင်က ခံစစ်မှူး ဂိုတာရိုပေါ့၊ ရှုအိချိက ရှင့်အကြောင်းတွေ အများကြီး ပြောပြတယ်" ဟု ဦးစွာ ပြောသည်။

အိုဆာကာဖွား ယိုကိုသည် ခင်ပွန်းဖြစ်သူထက်ပင် အလိုက်အထိုက် ပြောဆိုတတ်သည်။ တစ်ချိန်လုံး ထွေရာလေးပါး ပြောနေခြင်းက သူ့အတွက် ပုံမှန်ဖြစ်၏။ အခြားလူများကို ဟာသများ ပြောပြပြီး ရယ်မောအောင် ပြုလုပ်လေ့ ရှိသည်။ ဖြတ်ထိုးဉာဏ် ရှိပြီး သွက်လက်သည်။ တစ်ရက်အတွင်း ဂိုတာရိုအတွက် နေစရာနှင့် အဝတ်အစားတချို့ စီစဉ်ပေးခဲ့သည်။ စားသောက်ဆိုင်သို့ ပုံမှန်လာနေကျ ဧည့်သည်များ ရောက်လာသောအခါ ယိုကိုက 'ဒါက ကျွန်မ ယောကျာ်း အယုံကြည်ရဆုံး ရပ်ဂ်ဘီ အသင်းဖော်' ဟု ဂိုတာရိုအား ရည်ညွှန်းကာ မိတ်ဆက်ပေးလေ့ ရှိသည်။

ကုမ္ပဏီကို လက်လွှတ် ဆုံးရှုံးခဲ့ရပြီးနောက် အခြားလူများကို လွယ်လွယ် မယုံရဲတော့သည့် ဂိုတာရိုက ရှုအိချိ၏ စားသောက်ဆိုင်တွင် နှစ်လခန့် အလုပ်လုပ်ပြီးသော် ယခင်ကလို ရွှင်ရွှင်ပျပျ ပြန်ဖြစ်လာသည်။ သည်အလုပ်တွင် တိုးတက် အောင်မြင်အောင် ကြိုးစားမည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။ အစစ အရာရာ အဆင်ပြေ ချောမွေ့ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

နေ့လယ်ခင်း တစ်ခု၌ ယိုကိုသည် အလွန်အမင်း ခေါင်းကိုက်သည်ဟု ဆိုကာ ရှုအိချိက သူ့ကို ဆေးရုံလိုက်ပို့ရန် အကြောင်းဖန်လာသည်။ သူတို့ကို ဆိုင်မပိတ်ခဲ့စေလို သောကြောင့် ဂိုတာရိုက ဆိုင်စောင့်ရင်း ကလေးထိန်းပေးရ၏။

ရှုအိချိက 'ဟာရူကကို ဂရုစိုက်ပေးနော်' ဟု ပြောပြီး လက်ပြနှုတ်ဆက်၍ သုတ်သုတ်ပျာပျာ ကားမောင်း ထွက်သွားသည်။

ဂိုတာရိုမှာ သူ့ကို နောက်ဆုံးအကြိမ် မြင်တွေ့ရခြင်း ဖြစ်သည်။

ရှုအိချိနှင့် ယိုကိုတို့၏ မိဘအသီးသီးမှာ ကွယ်လွန်သွားပြီဖြစ်ရာ ဟာရူကသည် တစ်နှစ်အရွယ်ကတည်းက ဆွေမျိုးသားချင်းများနှင့် အနေဝေးခဲ့သည်။

ဂိုတာရိုသည် ရှုအိချိ၏ ဈာပနသို့ မြင်လိုက်ရသော ဟာရူက၏ အပြုံးကြောင့် သမီးအရင်းပမာ ပြုစုပျိုးထောင်ပေးရန် ဆုံးဖြတ်ခဲ့၏။

'ဒေါင် ... ဒေါင် ... ဒေါင် ...'

ထိုစဉ် တိုင်ကပ်နာရီမှ ၈ နာရီထိုးပြီ ဖြစ်ကြောင်း အသံ ရှစ်ချက်နှင့် အသိပေးသည်။

ဂိုတာရိုက အသံလာရာဆီ အထိတ်တလန့် ကြည့်လိုက်၏။ သူ့မျက်ခွံများမှာ လေးလံနေပြီး အမြင်အာရုံ ဝေဝါးနေသည်။

"ဒါ ဘယ်နေရာ ....."

သူ့မျက်လုံးများက တစ်ဆိုင်လုံးကို လိုက်ကြည့်သည်။ ကော်ဖီဆိုင်ထဲတွင် မီးအိမ်များ၏ အလင်းရောင်သာ ရှိသည်။ မျက်နှာကြက်၌ ချိတ်ဆွဲထားသည့် ပန်ကာကြီးက ဖြည်းဖြည်းမှန်မှန် လည်နေသည်။ ထုပ်တန်းများနှင့် ဒေါက်တိုင်များက အညိုရင့်ရင့် အရောင် ရှိသည်။ နံရံပေါ်တွင် သိသိသာသာ ဟောင်းနေသော နာရီကြီး သုံးလုံးကို တွေ့ရသည်။

ဂိုတာရိုသည် သူ အိပ်ပျော်သွားခြင်းကို မှတ်မိရန် အချိန်ယူလိုက်ရ၏။ ကော်ဖီဆိုင်ထဲတွင် ဂါဝန်အဖြူနှင့် အမျိုးသမီးမှလွဲ၍ သူတစ်ယောက်တည်း ဖြစ်သည်။ အစောတုန်းက မှတ်ဉာဏ်များ ပြန်ပေါ်လာစေရန် ပါးနှစ်ဖက်ကို လက်အစုံဖြင့် အဆက်မပြတ် ပုတ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

'အတိတ်ကို ပြန်သွားဖို့ ထိုင်ရမယ့် ထိုင်ခုံက ဘယ်တော့မှ လွတ်မယ်ဆိုတာ ညီမတို့လဲ မသိဘူး' ဟု ကာဇူ ပြောခဲ့သည့် စကားကို သူ ပြန်သတိရသွားသည်။ ထို့နောက် သူ အိပ်ပျော်သွားခြင်း ဖြစ်သည်။

အတိတ်ကို ပြန်သွားမည့် အလွန်အရေးကြီးသော ဆုံးဖြတ်ချက်ကို ချပြီးခါမှ ယခုလို အိပ်ပျော်သွားခြင်းမှာ ထူးဆန်းသည်ဟု သူ တွေးမိသည်။ သည်လိုအခြေအနေ၌ သူ့ကို တစ်ယောက်တည်း ထားသွားသည့် စားပွဲထိုးကောင်မလေး အပေါ်လည်း ဒွိဟဖြစ်နေမိသည်။

ဂိုတာရိုက မတ်တတ်ရပ်ပြီး မီးဖိုခန်းဘက် လှည့်ကြည့်လိုက်သည်။

"ဘယ်သူရှိလဲ ခင်ဗျ"

မည်သူမျှ ပြန်မဖြေပါ။

သူက တိုင်ကပ်နာရီ တစ်လုံးကို လှမ်းကြည့်လိုက်ပြီး သူ့လက်ပတ်နာရီကို ချက်ချင်း ပြန်ကြည့်သည်။ ကော်ဖီဆိုင်ထဲရှိ ရှေးဟောင်းနာရီများသည် ညှော်သည်များ ပထမဆုံး သတိထားမိကြသော ထူးဆန်းသည့် အရာများဖြစ်ကြသည်။ အကြောင်းမှာ နာရီတစ်လုံးစီက အချိန်တစ်မျိုးစီ ပြနေခြင်းပင်။ အစွန်ဆုံး နာရီနှစ်လုံးက ပျက်နေ၏။ တစ်လုံးက စောနေပြီး နောက်တစ်လုံးက နောက်ကျနေသည်။

"၈ နာရီ ၁၂ မိနစ်"

ဂိုတာရိုက ရေရွတ်လိုက်ပြီး ဂါဝန်အဖြူနှင့် အမျိုးသမီး ထိုင်နေသည့်နေရာကို လှမ်းကြည့်လိုက်သည်။ ရှုအိချိထံမှ ကြားသိထားသော သည်ကော်ဖီဆိုင်က ဇာတ်လမ်းများအရ ခေါင်းထဲစွဲနေသည့် အချက်တစ်ချက်ကို သူ ရုတ်တရက် သတိရသွားသည်။

'အတိတ်ကို ပြန်သွားတဲ့အခါ ထိုင်ရမယ့် ထိုင်ခုံမှာ တစ္ဆေတစ်ကောင် ထိုင်နေတယ်'

ထိုအချက်မှာ လုံးဝအဓိပ္ပာယ် မရှိ၊ ယုံကြည်လက်ခံနိုင်ဖွယ် မရှိသောကြောင့် သူ့ခေါင်းထဲ စွဲနေခြင်း ဖြစ်သည်။

ဂိုတာရို ငေးကြည့်နေသည့်တိုင် ထိုအမျိုးသမီးမှာ စာဖတ် မပျက်။ တစ်ချက်ကလေးပင် သူ့ကို ပြန်မကြည့်ပေ။ ဂိုတာရိုသည် သူ့ကို ကြည့်နေရင်း တစ်နေရာရာ၌ မြင်တွေ့ဖူးသလို ထူးဆန်းစွာ ခံစားမိလာသည်။ မည်သို့ပင် ဖြစ်စေ သူ့ကို တစ္ဆေဟု လုံးဝ မထင်ပါ။

mgyoe.com

m g y o e . c o m
SAMPLE BOOK


ဖလပ်!

ထိုအမျိုးသမီးက စာအုပ်ကို ရုတ်တရက် ပိတ်ချလိုက်၏။ စာအုပ်ပိတ်သံက တစ်ဆိုင်လုံး ပဲ့တင်ခတ်သွားသည်။ မျှော်လင့် မထားသော လှုပ်ရှားမှုကြောင့် ဂိုတာရိုသည် နှလုံးရပ်မတတ် လန့်ကာ ထိုင်ခုံပေါ်မှ ပြုတ်ကျသွားမလိုပင် ဖြစ်သွားသည်။ သူသာ သာမန်လူ ဆိုလျှင် ထိုလှုပ်ရှားမှုက သူ့ကို ထိတ်လန့်စေမည် မဟုတ်။ သို့သော် တစ္ဆေဖြစ်သည်ဟု သိရှိထားသည်။ ထိုသို့ ဆိုလျှင်လည်း တစ္ဆေတစ်ကောင်၏ သွေးပျက် ချောက်ချားဖွယ် ပုံသဏ္ဍာန်မျိုး ရှိမနေချေ။

အမျိုးသမီးသည် ဂိုတာရို၏ အမူအရာကို လျစ်လျူရှုကာ မတ်တတ် ရပ်လိုက်သည်။ ထိုင်ခုံကို တွန်းမဖယ်ဘဲ အသာလျှိုထွက်ပြီး ဆိုင်ဝင်ပေါက်ဆီ ဦးတည် လျှောက်သွားသည်။ ဝတ္ထုစာအုပ်ကိုလည်း အဖိုးထိုက်သော ပစ္စည်း တစ်ခုပမာ ကျစ်ကျစ်ပါအောင် ကိုင်ထားသေးသည်။

ဂိုတာရို၏ မျက်လုံးများက သူ ဖြတ်သွားသည်ကို ရင်တထိတ်ထိတ်နှင့် လိုက်ကြည့်သည်။

ထိုအမျိုးသမီးက လျှောက်လမ်းအဆုံးတွင် လက်ယာဘက် ချိုးပြီး ပျောက်ကွယ်သွားသည်။ သူ၏ ဦးတည်ရာ၌ သန့်စင်ခန်းသာ ရှိလေသည်။

*'တစ္ဆေက အိမ်သာ သွားတယ်'*

ဂိုတာရိုက စိတ်ထဲ တွေးရင်း သူ ထိုင်ခဲ့သည့် နေရာကို ခေါင်း တစ်ဖက်စောင်း၍ ကြည့်လိုက်သည်။ အတိတ်ကို ပြန်လည် ခေါ်ဆောင်သွားနိုင်သည့် ထိုင်ခုံမှာ လစ်လပ်သွားပြီ။ သူက ထိုအမျိုးသမီးများ ဘွားခနဲ ပြန်ပေါ်လာမလား ဆိုသည့် ပူပန်စိတ်နှင့် ထိုနေရာသို့ မဝံ့မရဲ လျှောက်သွားသည်။ အနီးကပ်ကြည့်သော် ထိုထိုင်ခုံမှာ သာမန် ထိုင်ခုံတစ်လုံးနှင့် ဘာမှ မကွာခြားပေ။ ခြေထောက်များကို လှပကြော့မော့စွာ ကွေးထားပြီး ဖင်ထိုင်သည့် နေရာနှင့် ကျောမှီသည့် နေရာရှိ ကူရှင်များကို ရေညှိစိမ်းရောင် ပိတ်စဖြင့် ချုပ်ထားသည်။ သူက ရှေးဟောင်းပစ္စည်း ကျွမ်းကျင်သူ မဟုတ်သည့်တိုင် သည်ထိုင်ခုံက အဖိုးထိုက်မည်ဟု ပြောနိုင်သည်။

သူ ထိုင်ခုံပေါ် မရဲတရဲ လက်တင်လိုက်သည်နှင့် အနောက်ဘက်မှ ညှပ်ဖိနပ် လျှပ်တိုက် လျှောက်သံ ထွက်လာသည်။ သူက ချာခနဲ လှည့်ကြည့်

m g y o e . c o m

လိုက်ရာ ညအိပ်ဝတ်စုံပွနှင့် ကောင်မလေး တစ်ယောက်ကို တွေ့ရသည်။ ထိုကောင်မလေးက ဆိုင်ပိုင်ရှင်၏ သမီးဟု သူ မှတ်မိသည်။ သူက ဂိုတာရိုကို မျက်လုံးဝိုင်းဝိုင်းလေးဖြင့် စိုက်ကြည့်နေ၏။ သူမသိသော သူစိမ်းတစ်ဦးနှင့် အကြည့်ချင်း ဆုံရခြင်းကို ရှက်ရွံ့ပုံ မရ။ သက်သောင့်သက်သာ မဖြစ်သူက ဂိုတာရို ဖြစ်သည်။

"မင်... မင်္ဂလာ ညနေခင်းပါ"

ဂိုတာရိုက ထိုင်ခုံပေါ် တင်ထားသည့် လက်ကို ပြန်ရုပ်၍ ထစ်ငေါ့စွာ ဆိုသည်။

မီခီက ဂိုတာရိုဆီ သွက်သွက် လျှောက်လာပြီး -

"မင်္ဂလာညနေခင်းပါ၊ ဦးဦးက အတိတ်ကို ပြန်သွားချင်လို့လား"

"အမ်... ဟုတ်တယ်"

"ဘာလို့ ပြန်သွားချင်တာလဲ"

ဂိုတာရိုသည် မီခီနှင့် စကားပြောနေခိုက် ဂါဝန်အဖြူနှင့် အမျိုးသမီးများ ပြန်ရောက်လာလေမလားဟု တွေးကြောက်နေမိသည်။

"ဝန်ထမ်းတစ်ယောက်လောက် ခေါ်ပေးပါလား ကလေး"

မီခီက သူ၏ တောင်းဆိုချက်ကို ဥပေက္ခာပြု၍ သူ့ကို ဖြတ်ကျော်သွားပြီး ထိုထိုင်ခုံ အရှေ့တွင် ရပ်လိုက်သည်။

"ခနားမီ သန့်စင်ခန်း သွားပြီ"

မီခီက သူ့အကြည့်ကို ထိုင်ခုံအလွတ်မှ ဂိုတာရိုဆီ လွှဲလိုက်သည်။

"ခနားမီ"

ဂိုတာရိုက ရေရွတ်လိုက်သည်။

မီခီက ဆိုင်ဝင်ပေါက် လျှောက်လမ်းကို လှမ်းကြည့်သည်။ ဂိုတာရိုကလည်း လိုက်ကြည့်ရာ သဘောပေါက်သွားပြီး ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်၏။

"သူ့နာမည်က ခနားမီလား"

မီခီက ပြန်မဖြေဘဲ သူ့လက်ကို ဆွဲသည်။

"ဒီမှာ ထိုင်"

ထို့နောက် ခနားမီ၏ ကော်ဖီခွက်ကို ကျွမ်းကျင်ဝန်ထမ်း တစ်ဦးပမာ

mgyoe.com

mgyoe.com SAMPLE BOOK

ရှင်းလင်းပြီး မီးဖိုခန်းထဲ ပျာပျာသလဲ ဝင်သွားသည်။ ပြန်ပြောခွင့်ပင် မရသည့် ဂိုတာရိုမှာ သူ့ကို ငေးကြည့်နေရုံသာ တတ်နိုင်တော့သည်။

*'သူ ငါ့ကို ကူညီမှာလား'*

ဂိုတာရိုက စိတ်ထဲတွင် ကြောင့်ကြစွာ တွေးရင်း ထိုင်ခုံနှင့် စားပွဲ အကြား လျှိုဝင်ပြီး အသာထိုင်ချလိုက်သည်။

အတိတ်ကို ပြန်သွားလျှင် ဘာလုပ်ရမည် ဆိုတာ သူ မသိ။ သို့သော် ငြားလည်း ထိုင်ခုံတွင် ထိုင်လိုက်သည်နှင့် သူ၏ နှလုံးခုန်နှုန်းမှာ ချက်ချင်း ဆိုသလို မြန်ဆန်လာလေသည်။

ခဏကြာသော် ဂလောက် ဂလောက် အသံနှင့်အတူ မိခီ ပြန်ပေါ်လာ သည်။ ငွေကရားနှင့် ကော်ဖီခွက်အဖြူတို့ တင်ထားသည့် လင်ဗန်းတစ်ခုကို လက်နှစ်ဖက်ဖြင့် မနိုင့်တနိုင် ကိုင်လာပြီး ဂိုတာရို၏ နံဘေးတွင် ရပ်လိုက်သည်။

"အခု သမီး ကော်ဖီ ငှဲ့ပေးမယ်နော်"

သူ့လက်ထဲရှိ လင်ဗန်းက ယိမ်းယိုင်နေသည်။

ဂိုတာရိုက 'သမီး လုပ်ကော လုပ်တတ်ရဲ့လား' ဟု လွှတ်ခနဲ မေးမိ တော့မလို ဖြစ်သွားသည်။

"အင်း ... အမ် ..."

မိခီ၏ ထက်သန်နေသော မျက်လုံး ဝိုင်းဝိုင်းကလေးများက လင်ဗန်း အပေါ် ရောက်နေသဖြင့် ဂိုတာရို၏ စိုးရိမ်ပူပန်နေသော မျက်နှာထားကို မတွေ့ ပေ။

"အတိတ်ကို ပြန်သွားဖို့ ဆိုရင် ....."

"အောင်မယ်လေး မိခီရေ ... အဲဒါ ဘာလုပ်နေတာတုံး"

ကော်ဖီဆိုင်ပိုင်ရှင် နဂါက အနောက်ခန်းထဲမှ သုတ်သုတ်ပျာပျာ ထွက်လာ၏။ သူ့အသံထဲတွင် ဒေါသအငွေ့အသက်တို့ ပါဝင်နေသည်။

"ဦးဦးကို ကော်ဖီ ငှဲ့ပေးနေတာလေ"

"သမီး လုပ်လို့ မရသေးဘူးလို့ ပြောထားတယ် မဟုတ်လား"

"ရပါတယ်၊ လွယ်လွယ်လေးပဲကို"

"ခုချက်ချင်း ရပ်လိုက်"

မိခီသည် လင်ဗန်းကို လှုပ်တုတ်တုတ် ကိုင်ထားရင်း ဖူးခနဲ လေမှုတ် ထုတ်လိုက်ပြီး နဂါကို မော့ကြည့်လိုက်သည်။ နဂါသည် သူ၏ ဗာဒံစေ့သဏ္ဍာန်

mgyoe.com

mgyoe.com SAMPLE BOOK

မျက်လုံးအစုံကို ကြုတ်၍ မီခီ့ကို ငုံ့ကြည့်နေသည်။ စကား စပြောသူက ရှုံးသွားမည့်နှယ် နှစ်ဦးစလုံး နှုတ်ဆိတ်နေကြ၏။

ကာဇူသည် မည်သူမျှ သတိမထားမိခင် နဂဲ အနောက်မှ ရုတ်တရက် ပေါ်လာပြီး မီခီ့ ရှေ့တွင် ဒူးထောက်လိုက်သည်။

"မီခီလေး"

မျက်လုံးချင်း တစ်တန်းတည်း ဖြစ်သွားသည့်အခါ ကာဇူက မီခီ့ကို စိုက်ကြည့်လိုက်သည်။ မီခီ၏ ဒေါသမီးတို့မှာ တဖြည်းဖြည်း လွင့်ပြယ်သွားပြီး မျက်ရည်များ ဝဲလာသည်။ ထိုအခိုက်အတန့်၌ သူ ရှုံးသွားပြီဟု မီခီ တွေးလိုက်ပုံ ရသည်။

ကာဇူက သူ့ကို နွေးနွေးထွေးထွေး ပြုံးပြ၍ -

"တစ်နေ့ သမီးအချိန် ရောက်လာမယ်၊ ဟုတ်ပြီလား" ဟု ပြောကာ သူ့လက်ထဲရှိ လင်ဗန်းကို အသာယူလိုက်သည်။

မီခီက သူ့ဖခင်၏ လက်ကို လှမ်းယူပြီး သူ့နံဘေးတွင် ရပ်လိုက်သည်။ အစောတုန်းက အာခံခဲ့သည့် အမူအရာမှာ လုံးဝ ပျောက်ကွယ်သွားသည်။ မီခီသည် စိတ်ခံစားချက်ကို အလျင်အမြန် ပြောင်းလဲနိုင်သူ ဖြစ်၏။ နဂဲက သူ့သမီးကို ကြည့်ရင်း မိခင်ဖြစ်သူနှင့် အလွန်တူကြောင်း တွေးကာ လှမ်းဆွေးဖွယ် ပြုံးလိုက်သည်။

ကာဇူ၏ မီခီ့အပေါ် ဆက်ဆံပုံအရ ကာဇူမှာ မိခင်အရင်း မဖြစ်နိုင်ဟု ဂိုတာရို ကောက်ချက်ချမိသည်။ သူသည် ဟာရူကကို ကျွေးမွေး စောင့်ရှောက်လာခဲ့သော အတွေ့အကြုံအရ သည်လို မိန်းကလေးငယ်ငယ် တစ်ယောက်ကို ထိန်းကျောင်းနေရသည့် နဂဲအပေါ် စာနာမိသည်။

"စည်းမျဉ်းတွေကို အရင်ပြောရအောင်"

ကာဇူက သူ့နံဘေးတွင် ထိုင်နေသည့် ဂိုတာရိုကို ညင်သာစွာ ပြောသည်။

ကော်ဖီဆိုင်က ပုံမှန်အတိုင်း တိတ်ဆိတ်နေသည်။ ဂိုတာရိုသည် စည်းမျဉ်းများအကြောင်း လွန်ခဲ့သော ၂၂ နှစ်ကျော်က ရှုအိချိထံမှ ကြားဖူးထားသော်လည်း ယခုအခါ မေ့တေ့တေ့ ဖြစ်နေပြီ။

အတိတ်ကို ပြန်ရောက်သွားသည့်အခါ မည်မျှ ကြိုးစားပါစေ ပစ္စုပ္ပန်က ပြောင်းလဲသွားမည် မဟုတ်ကြောင်းနှင့် ထိုထိုင်ခုံ၌ တစ္ဆေတစ်ကောင်

mgyoe.com

 SAMPLE BOOK 

ထိုင်နေကြောင်းတို့မှ လွဲ၍ အခြားအချက်များကို သူ ရှင်းရှင်းလင်းလင်း မသိ။ ကာဇူက သူ့ကို အစအဆုံး ရှင်းပြလေသည်။

"အတိတ်ကို ပြန်သွားတဲ့အခါ ဒီကော်ဖီဆိုင်ကို ရောက်ဖူးတဲ့ လူတွေနဲ့ပဲ ပြန်တွေ့လို့ ရမယ်"

သည်စည်းမျဉ်းက သူ့အတွက် အတားအဆီး မဖြစ်ပါ။ သူ့ကို သည်ကော်ဖီဆိုင်သို့ ခေါ်ဆောင်လာခဲ့သူမှာ ရှုအိချို ဖြစ်သည်။

ဂိုတာရို၏ မျက်နှာထက်တွင် စိုးရိမ်ပူပန်သည့် အရိပ်အယောင် မတွေ့ရသဖြင့် ကာဇူက သွက်သွက် ဆက်ပြောသည်။ အတိတ်ကို ရောက်သွားသည့်အခါ မည်မျှကြိုးစားပါစေ ပစ္စုပ္ပန်ကို ပြင်ဆင်ရန် မဖြစ်နိုင်ကြောင်း၊ ထိုင်ခုံမှ ထလိုက်သည်နှင့် ပစ္စုပ္ပန်သို့ ချက်ချင်း ပြန်ရောက်သွားမည် ဖြစ်ကြောင်း ရှင်းပြသည်။

ထိုင်ခုံမှ ထ၍ မရကြောင်း ကြားသောအခါ ဂိုတာရိုက –

"အိုး ... တကယ်လား" ဟု ပြန်မေးသည်။

သို့သော် စည်းမျဉ်းအများစုမှာ သူ မျှော်လင့်ထားသည်နှင့် သိပ်မကွာပေ။

နောက်ဆုံး၌ –

"ဟုတ်ပြီ၊ အစ်ကို သဘောပေါက်တယ်" ဟု ပြောသည်။

ထိုအခါ ကာဇူက –

"ကျေးဇူးပြုပြီး ခဏစောင့်ပါ၊ ညီမ ကော်ဖီသွားဖျော်လိုက်မယ်" ဟု ပြောပြီး မီးဖိုခန်းထဲ ဝင်သွားသည်။

"စပ်စုတယ်တော့ မထင်ပါနဲ့ဗျာ၊ သူက ခင်ဗျားရဲ့ အမျိုးသမီး မဟုတ်ဘူး ထင်တယ်"

ဂိုတာရိုက သူ့ အရှေ့တွင် မတ်တတ်ရပ်နေသည့် နဂဲကို မေးလိုက်သည်။ သူသည် အဖြေကို သိလိုစိတ်ထက် စကားစမြည် ပြောဆိုလိုစိတ် ပိုများနေ၏။

"သူလား... အဲဒါ ကျွန်တော့် တူမပါ"

နဂဲက သူ့သမီးကို ငုံ့ကြည့်လိုက်သည်။

"မိခို့ အမေက ... သူ့ကို မွေးရင်း ..."

နဂဲက ဆက်မပြောတော့။ မပြောသည်မှာလည်း ပြောမထွက်ခြင်းကြောင့် မဟုတ်။ ဂိုတာရို သိလောက်သည်ဟု ယူဆခြင်းကြောင့် ဖြစ်သည်။

"ဩော်"

mgyoe.com

mgyoe.com
SAMPLE BOOK

ဂိုတာရိုက ဆက်မမေးတော့ပေ။ သူက နဂဲ၏ မျက်လုံးကျဉ်းကျဉ်းတို့ကို တစ်ချက်ကြည့်လိုက်ပြီး မီခီ၏ မျက်လုံးဝိုင်းဝိုင်းတို့ကို ကြည့်သည်။ ထို့နောက် သည်ကလေးက မိခင်ဘက် လိုက်သည်ဟု ယူဆလိုက်သည်။

ထို့နောက် ကာဇူ ပြန်ရောက်လာ၏။ အစောတုန်းက မီးဖိုခန်းထဲ ပြန်ယူသွားသည့် ငွေကရားနှင့် ကော်ဖီခွက် အဖြူတို့ကို ပြန်ယူလာသည်။ သင်းပျံ့သော ကော်ဖီရနံ့က တစ်ဆိုင်လုံး ပျံ့နှံ့ကာ ဂိုတာရို၏ အသည်းနှလုံးထဲအထိ နက်ရှိုင်းစွာ ထိုးဖောက် ဝင်ရောက်သွားသည်ဟု ထင်ရသည်။

ကာဇူက ဂိုတာရို၏ စားပွဲဘေးတွင် မတ်တတ်ရပ်၍ ဆက်ရှင်းပြသည်။

"အခု ကော်ဖီ ငှဲ့ပေးမယ်နော်"

"ဟုတ်ကဲ့ပါ"

ဂိုတာရိုက ကော်ဖီခွက်ကို ငုံ့ကြည့်လိုက်သည်။ အပြစ်အနာအဆာ တစ်စက်ကလေးပင် မတွေ့ရသော ကော်ဖီခွက်၏ နှင်းပမာ ဆွတ်ဆွတ်ဖြူနေသည့် အရောင်ကြောင့် တဒင်္ဂ မှင်တက်သွားသည်။

ကာဇူက ဆက်ပြောသည်။

"ကော်ဖီ စငှဲ့တဲ့ အချိန်ကနေ ကော်ဖီ အေးမသွားခင် အချိန်အထိပဲ အတိတ်မှာ နေလို့ ရမယ်"

"ဟုတ်ပြီ"

ဂိုတာရိုသည် အတိတ်ကို ခဏလေးသာ ပြန်လိုသည့်အတွက် ထိုအချက်ကို မပူပန်ပါ။

"ဆိုလိုတာက ကော်ဖီကို အေးမသွားခင် သောက်လိုက်ရမယ်၊ မသောက်ဘူး ဆိုရင် ....."

'အစ်ကိုတစ္ဆေဖြစ်ပြီး အဲဒီခုံမှာ ထိုင်ရမယ်' ဟု သူ ပြောပြရတော့မည်။ သည်စည်းမျဉ်းမှာ အလွန့်အလွန် အန္တရာယ်များသော စည်းမျဉ်း ဖြစ်သည်။ မိမိ တွေ့လိုသူနှင့် မတွေ့ရခြင်း၊ ပစ္စုပ္ပန်ကို မပြောင်းလဲနိုင်ခြင်းတို့မှာ ထိုစည်းမျဉ်းနှင့် ယှဉ်လိုက်လျှင် စိတ်ပျက်စရာ သေးသေးလေးပင် ဖြစ်သည်။

ပြီးစလွယ် ပြောလိုက်လျှင် သူ၏ စကားလုံးများမှာ ဟာသ ဖြစ်သွားနိုင်ကြောင်း ကာဇူ သိသဖြင့် အချိန်ယူ စဉ်းစားသည်။

mgyoe.com

m gyoe.com  SAMPLE BOOK 

"နာနာဘာဝ ဖြစ်သွားမှာ မဟုတ်လား"

ဂိုတာရိုက ကာဇူ၏ အဖြေကို မစောင့်ဆိုင်းဘဲ ဆက်ပြောသည်။

"ဟမ်"

ခပ်လှမ်းလှမ်းတွင် ရပ်နေသည့် နဂဲက ရေရွတ်လိုက်သည်။

"ရှုအိချိ စည်းမျဉ်းတွေအကြောင်း ပြောပြတုန်းက ဒီတစ်ခုကို တော်တော်လေး ကြောင်တောင်တောင် နိုင်တယ်လို့ ထင်ခဲ့တာ၊ ယုံတောင် မယုံခဲ့ဘူး၊ အစ်ကို ကောင်းကောင်း မှတ်မိတယ်"

နဂဲသည် သူ၏ အတွေ့အကြုံအရ သည်စည်းမျဉ်းကို မလိုက်နာသည့် အချိန်ခရီးသွားသူများ၏ အင်မတန်ကြီးမားသော ပေးဆပ်မှုကို သိသော်ငြားလည်း တစ္ဆေဖြစ်သွားသူ အကြောင်းကို မတွေးမိဘဲ ကျန်ရစ်သူများအကြောင်းကို တွေးနေမိသည်။ ဂိုတာရိုသာ တစ္ဆေဖြစ်သွားလျှင် သူ့သမီး ဟာရူက တစ်ယောက် ထိတ်လန့်ကာ ဝမ်းနည်းပက်လက် ဖြစ်လိမ့်မည်။

"အဲဒါ အမှန်ပဲ"

ကာဇူက အတည်ပြုလိုက်သည်။

နာနာဘာဝ၏ အဓိပ္ပာယ်ကို နားမလည်သည့် မီဒီက သူ့နံဘေးတွင် ရပ်နေသည့် နဂဲကို မျက်စိ ကလယ်ကလယ်နှင့် မော့ကြည့်သည်။

ကာဇူက ဆက်ရှင်းပြ၏။

"မေ့လို့ မဖြစ်ဘူးနော်၊ ကော်ဖီ မအေးခင် ကုန်အောင် မသောက်လိုက်ရင် ဒီမှာ တစ်သက်လုံး ထိုင်ရမယ့် သူက အစ်ကို ဖြစ်သွားလိမ့်မယ်"

"ဒါဆို အစောတုန်းက ဒီနေရာမှာ ထိုင်နေတဲ့ အမျိုးသမီးက ....."

"ဟုတ်တယ်"

"သူ ဘာလို့များ ကော်ဖီကို ကုန်အောင် မသောက်လိုက်တာပါလိမ့်"

ဂိုတာရိုက သိချင်စိတ် သက်သက်ဖြင့် မေးလိုက်သော်လည်း ကာဇူ၏ မျက်နှာ တင်းမာသွားသည်။

*'ငါ မမေးသင့်တာ မေးလိုက်လို့များလား'*

ဂိုတာရိုက စိတ်ထဲတွင် တွေးသည်။

သို့သော် ကာဇူ၏ မျက်နှာထားက ချက်ချင်းဆိုသလို ပုံမှန် ပြန်ဖြစ်သွား၏။

mgyoe.com

mgyoe.com SAMPLE BOOK

"သူက ကွယ်လွန်သွားတဲ့ သူ့အမျိုးသားကို ပြန်သွားတွေ့တာ၊ ကော်ဖီအေးသွားတော့မှ ပစ္စုပ္ပန်ကို ပြန်လာဖို့ သတိရတယ်"

"ဩော် ... ဟုတ်လား"

ဂိုတာရိုက ကရုဏာသက်ဟန် ပြန်ပြောပြီး ထိုအမျိုးသမီး ဝင်ရောက်ပျောက်ကွယ်သွားသည့် ဝင်ပေါက်ဘက်ကို လှမ်းကြည့်လိုက်သည်။ သူ ဘာမှ ထပ်မမေးတော့ပါ။

ထိုအခါ ကာဇူက –

"စလိုက်ရတော့မလား"

ဂိုတာရိုက သက်ပြင်းတစ်ချက် ချသည်။

"စပါ ညီမ၊ ကျေးဇူးပါပဲ"

ကာဇူက လင်ဗန်းပေါ်ရှိ ငွေကရားကို မ,ယူလိုက်သည်။ ဂိုတာရိုသည် ပန်းကန်ခွက်ယောက်များအကြောင်း ဘာမှ မသိသော်လည်း တလက်လက်တောက်ပနေသော သည်ငွေကရား၏ အပြင်ပန်းသဏ္ဍာန်ကို တစ်ချက်ကြည့်လိုက်ရုံနှင့် အဖိုးထိုက်မည်ဟု ပြောနိုင်သည်။

"ကောင်းပြီ၊ စလိုက်မယ်ရှင့်"

ကာဇူ၏ ရောင်ဝါလက္ခဏာမှာ ချက်ချင်း ပြောင်းလဲသွားသည်ဟု ဂိုတာရို ထင်မိသလို အခန်းအပူချိန်မှာ အနည်းငယ် လျော့ကျသွားပြီး မနစ်မြို့စရာ၊ ကျောချမ်းစရာ တစ်ခုခု ဖြစ်လာတော့မည့်နှယ် ခံစားမိသည်။

ကာဇူက ငွေကရားကို အနည်းငယ် မြှောက်ကိုင်၍ ထုံးစံအတိုင်း ရေရွတ်လိုက်သည်။

"ကော်ဖီတွေ အေးမသွားခင် သောက်လိုက်နော်"

ထို့နောက် ငွေကရားကို ကော်ဖီခွက်ဆီ ဖြည်းညင်းစွာ စောင်းလိုက်သည်။ သူ၏ ကိုယ်ဟန်အမူအရာမှာ လေးနက်သော ရိုးရာဓလေ့ တစ်ခုကို ဆောင်ရွက်သည့်ပမာ တည်ကြည်လှပသည်။ ငွေကရားနှုတ်သီးနှင့် ကော်ဖီခွက်တို့ စင်တီမီတာ အနည်းငယ်ခန့်သာ ကွာဝေးတော့ချိန်တွင် ကတ္တရာစေးပမာ မည်းနက်သော အရည်များ ထွက်လာပြီး ထိုအရည်၏ မျက်နှာပြင်သည် တိတ်ဆိတ်စွာ မြင့်တက်လာသည်။

အစီအစဉ်အတိုင်း ဖြစ်ပေါ်လျက် ရှိသော လှပသည့် လှုပ်ရှားမှုတို့ကို မှင်တက်စွာ ကြည့်နေရင်း၌ပင် ကော်ဖီခွက်ထဲမှ အငွေ့များ တရိပ်ရိပ် တက်လာ

mgyoe.com

mgyobe.com

SAMPLE BOOK


သည်ကို ဂိုတာရို တွေ့သည်။ အပူငွေ့များက သူ့ခန္ဓာကိုယ်ကို ရစ်ပတ်လွှမ်းခြုံလာသည်။ သူ့စားပွဲ အနီးတစ်ဝိုက်ရှိ အရာအားလုံးမှာ လှိုင်းများသဖွယ် တွန့်လိမ်ကာ အငွေ့များအဖြစ် လွင့်ပြယ်စ ပြုလာ၏။ ဂိုတာရိုသည် နောက်တစ်ကြိမ် အိပ်ပျော်သွားမည် စိုး၍ မျက်လုံးများကို ပွတ်သပ်လိုက်သည်။

"ဟင်... အိုး ..."

သူ့လက်အစုံနှင့် ခန္ဓာကိုယ်သည် ကော်ဖီခွက်မှ ထွက်လာသော အငွေ့များနှင့် တစ်သားတည်း ဖြစ်လာသည်။ တကယ်တော့ လှိုင်းတွန့်များဖြစ်ပြီး အငွေ့များအဖြစ် လွင့်ပြယ်စ ပြုလာသည်မှာ သူ့ပတ်ဝန်းကျင် မဟုတ်။ သူကိုယ်တိုင်ပင် ဖြစ်သည်။ ပတ်ဝန်းကျင်ရှိ အရာအားလုံးမှာ ရုပ်ရှင်တစ်ကားကို ရစ်ကြည့်နေသည့်နှယ် အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် ရုတ်တရက် ရွေ့လျားနေသည်။

"ရပ် ... ရပ်တော့"

သူက အော်ပြောသည်။

သူသည် ရိုလာကိုစတာကဲ့သို့ ရင်တလှပ်လှပ် ဖြစ်စေသော အရာများကို မြင်တွေ့လိုက်ရုံနှင့် မူးဝေတတ်သူ ဖြစ်သည်။ သူ့ပတ်ဝန်းကျင်ရှိ အရာအားလုံးမှာ လွန်ခဲ့သော ၂၂ နှစ် ဆိုသည့် အချိန်ကာလကို ပြန်သွားသည့်နှယ် အလွန့်အလွန် လျင်မြန်စွာ ရွေ့လျားနေတော့သည်။ သူ ပို၍ ခေါင်းမူးလာသည်။ အတိတ်ကို ပြန်သွားနေခြင်းကြောင့် ယခုလို ဖြစ်နေကြောင်းကို တွေးမိသော် သူ၏ စိုးရိမ်ပူပန်စိတ်မှာ တဖြည်းဖြည်း လျော့နည်းလာလေသည်။

ဂိုတာရိုသည် ရှုအိချို မရှိတော့သည့် နောက်ပိုင်းတွင် ဟာရူကကို ထိန်းကျောင်းရင်း စားသောက်ဆိုင်ကို တစ်ယောက်တည်း စီမံသည်။ ဝီရိယ ရှိသဖြင့် ရှုအိချို ရှိနေစဉ်ကပင် ချက်ပြုတ်ခြင်းမှအစ စာရင်းကိုင်ခြင်း အဆုံး တစ်ကိုယ်တည်း စီမံနိုင်ရန် လေ့ကျင့်ထားခဲ့သည်။

သို့သော် လူပျိုလူလွတ်တစ်ဦးအဖို့ ကလေးငယ်ငယ်လေးကို ထိန်းကျောင်းရခြင်းက မလွယ်ကူပေ။ လမ်းစလျှောက်တတ်သည့် တစ်နှစ်သား အရွယ်ကလေးကို မျက်ခြည်မပြတ် စောင့်ကြည့်ရသည်။ သူ အိပ်မောကျနေပြီ ဆိုလျှင် ထင်ို

mgyobe.com

mgyoe.com


တတ်သောကြောင့် အိပ်ရေးပျက်ညများစွာ ဖြတ်သန်းခဲ့ရသည်။ မူကြိုရောက်လျှင်တော့ အတော်အတန် အဆင်ပြေသွားမည်ဟု သူ ထင်ခဲ့၏။ သို့သော် ဟာရူက က လူစိမ်းကြောက်သည်။ မူကြို သွားရတော့မည် ဆိုတိုင်း ငိုယို ဂျီကျသည်။ မူလတန်း ရောက်သောအခါ ဆိုင်အလုပ်များ ကူလုပ်မည်ဟု ပြောခဲ့သော်လည်း တကယ်ခိုင်းလျှင် လက်ကြော မတင်းပေ။ စကားပြောလျှင်လည်း ရှင်းရှင်းလင်းလင်း မပြောတတ်။ သူ ဖြစ်ချင်တာ မလုပ်ပေးလျှင် စူပုပ်ကာ စိတ်ကောက်တတ်သည်။ ဖျားနာလျှင် ဆေးခန်း ခေါ်သွားရသည်။ ကျောင်းပိတ်လျှင် ပွဲဈေး၊ သို့မဟုတ် ကစားကွင်း လိုက်ပို့ခိုင်းသည်။ ဟိုဟာ သည်ဟာ လိုချင်သည်ဟု ပူဆာသည်။ ဆိုင်တစ်ဖက်နှင့် ဖြစ်ရာ သူ သွားချင်သည့် နေရာတိုင်း လိုက်မပို့နိုင်သဖြင့် စိတ်ကောက်သည်။ အလယ်တန်းကျောင်း ရောက်သော် ကလန်ကဆန် စတင်လုပ်လာပြီး အထက်တန်းကျောင်းသူ ဘဝ၌ ဆိုလျှင် စတိုးဆိုင် တစ်ဆိုင်မှ အလစ်သုတ်မှုဖြင့် အဖမ်းခံခဲ့ရသေးသည်။

ဂိုတာရိုသည် သူ့ကို အမျိုးမျိုး အဖုံဖုံ စိတ်ဒုက္ခပေးသည့် မြီးကောင်ပေါက် ဟာရူကလေးကို တစ်ကြိမ်တစ်ခါမျှ မငြိုငြင်ဘဲ အတတ်နိုင်ဆုံး ပျော်အောင် ထားခဲ့သည်။

ဟာရူကသည် လွန်ခဲ့သော သုံးလခန့်က 'ဆာတိုရှိ အိုဘီ' အမည်ရှိသော ကောင်လေးတစ်ယောက်ကို အိမ်ခေါ်လာ၍ မိတ်ဆက်ပေးခဲ့ပြီး သူတို့ စုံမက်နေကြောင်း၊ လက်ထပ်ရန်အထိ ရည်ရွယ်ထားကြောင်း ပြောခဲ့သည်။ တတိယအကြိမ်မြောက် တွေ့ဆုံသောအခါ ဆာတိုရှိက ဟာရူကနှင့် လက်ထပ်ခွင့်ပြုရန် တောင်းဆိုသည်။ ဂိုတာရိုကလည်း ခွင့်ပြုကြောင်း တစ်ခါတည်း ပြန်ပြောလိုက်သည်။ အထီးကျန်စွာ ရှင်သန်ခဲ့ရသည့် ဟာရူက၏ ပျော်ရွှင်မှုကို သူ မဖျက်ဆီးလိုပါ။

ဟာရူကသည် အထက်တန်းကျောင်း ပြီးသော် တဖြည်းဖြည်း သိတတ်လိမ္မာလာသည်။ စားဖိုမှူးအဖြစ် အသက်မွေးဝမ်းကျောင်း ပြုရန် ဆုံးဖြတ်ခဲ့ပြီး အချက်အပြုတ်သင်တန်း စ,တက်သည်။ ထိုသင်တန်း၌ ဆာတိုရှိနှင့် တွေ့ခဲ့ခြင်း ဖြစ်သည်။ အောင်လက်မှတ် ရပြီးသော် အိုဘီက တိုကျိုမြို့ အီကီဘူကူရိုမြို့နယ်ရှိ ဟိုတယ်တစ်ခုတွင် အလုပ်ဝင်ပြီး ဟာရူက က ဂိုတာရို၏ စားသောက်ဆိုင်တွင် ဝင်ကူသည်။

mgyoe.com

mgyoe.com

SAMPLE BOOK


ဟာရူကာ၏ မင်္ဂလာပွဲ အတည်ပြုပြီးသောအခါ ဂိုတာရိုသည် သူ၏ သိုဝှက် ဖုံးကွယ်ထားမှုအပေါ် ဆိုးဆိုးရွားရွား အပြစ်ရှိသည်ဟု ခံစားမိလာလေသည်။ သူသည် ဟာရူကာကို သမီးအရင်းပမာ ၂၂ နှစ်တိုင်အောင် ကျွေးမွေးပျိုးထောင်ခဲ့သည်။ အမှန်တရားကို ဖုံးကွယ်ထားနိုင်ရန် သူ့ကို တစ်ခါမျှ သန်းခေါင်စာရင်း ထုတ်မပြခဲ့ပေ။ ဆွေမျိုးသားချင်းများလည်း မရှိသဖြင့် လွယ်ကူခဲ့သည်။

ယခုတော့ သူ အိမ်ထောင်ပြုတော့မည်။ အခြေအနေ အရပ်ရပ်မှာ လုံးဝ ပြောင်းလဲသွား၏။ ရုံးတက် လက်မှတ်ထိုးသည့်အခါ သူက မိဘမဲ့ ဖြစ်ကြောင်း၊ ဂိုတာရို၏ မွေးစားခြင်းကို ခံထားရကြောင်း သိရှိသွားပေမည်။ ဂိုတာရိုသည် ထိုကိစ္စအပေါ် အလွန်အမင်း သောကရောက်ပြီးနောက် အဖေအရင်းမှာ သူ မဟုတ်ကြောင်း မင်္ဂလာပွဲ မတိုင်ခင် ဝန်ခံပြောကြားရန် ဆုံးဖြတ်ခဲ့သည်။

အမှန်တရားက ခါးသီးသော်လည်း သူ ပြောပြမှ ဖြစ်မည်။ ယခုမှ နောက်ဆုတ်၍ မရတော့ချေ။

"အစ်ကိုရေ"

ပခုံးကို လှုပ်နှိုးခံလိုက်ရသလို သူ ခံစားမိသည်။ သူ့အရှေ့တွင် ထွားထွားကျိုင်းကျိုင်း လူတစ်ဦး မတ်တတ်ရပ်နေ၏။ ထိုလူသည် ကျောင်းဘောင်းဘီအမည်းရောင်၊ တံတောင်ဆစ်အထိ ခေါက်ထားသော ရှပ်အင်္ကျီ အဖြူရောင်တို့အပေါ်တွင် အညိုရင့်ရင့် ရှေ့ဖုံးခါးစည်းကို ဝတ်ထားသည်။ လူထွားကြီးမှာ ကော်ဖီဆိုင်ပိုင်ရှင် နဂဲ ဖြစ်ကြောင်း ဂိုတာရို မှတ်မိသွားသည်။ သူ့ရုပ်ရည်က နုပျိုနေသည်။ ထိုနေ့က အဖြစ်အပျက်များကို ဂိုတာရို ပြန်အမှတ်ရလာသည်။ နုပျိုနေသည့် နဂဲသည် လွန်ခဲ့သော ၂၂ နှစ်က နဂဲဖြစ်သည်ဟု သူ အတပ်ပြောနိုင်သည်။

ဆိုင်အတွင်းပိုင်းအကြောင်း ပြောရလျှင် နှေးကွေးစွာ လည်နေသော ပန်ကာ၊ အညိုရင့်ရောင် ဒေါက်တိုင်များနှင့် ထုပ်တန်းများ၊ ခပ်ညစ်ညစ် ဇော်ဂျီရောင် နံရံများနှင့် အချိန်တစ်မျိုးစီ ပြနေသော နာရီသုံးလုံးတို့မှာ ယခင်

mgyoe.com